
ခရမ်းပြာစာပေ

# ကြယ်တွေစုံတဲ့ ကောင်းကင်အောက်မှာ
# ကျွန်မ မရှိတဲ့ အခါ



စုမီအောင်

NN


ကြယ်တွေ
ဝုံတဲ့
ကောင်းကင်
အောက်မှာ

# ကြယ်တွေ စုံတဲ့ကောင်းကင်အောက်မှာ

ကျွန်မ ငယ်ငယ်က ပျဉ်းမနားမြို့ လေးရဲ့ အိမ်ခြံဝင်းကျယ်ကြီးထဲမှာ အေးအေးလူလူ ထိုင်ရင်း ကြယ်တွေ စုံတဲ့ ကောင်းကင်ကြီးကို ညှ ညှမော့ကြည့်ခဲ့ဖူးတာ သတိရသည်။ အခုအဲဒီ လိုမျိုး ကောင်းကင်ကြီးကို မော့မကြည့် ဖြစ်တာ ဘယ်လောက်ကြာနေခဲ့ပါလိမ့်။ ရန်ကုန်မြို့သို့ စရောက်ကတည်းက ကောင်းကင်အောက်မှာ နေပါလျက်နဲ့ ကောင်းကင်ကြီးနဲ့ ဝေးဝေးနေခဲ့တာပဲလို့ တွေးမိတော့ သက်ပြင်းမောကိုသာ ချမိသည်။

ကျွန်မမှာ ကောင်းကင်ကြီးကို မော့ကြည့်ခွင့် ဘယ်တုန်းကမှ မကြုံခဲ့ပါ။ ကောင်းကင်ကြီးကို မော့ကြည့်ဖို့ဆို တာကလည်း အချိန်အားဖြင့် ၊ စိတ်အားဖြင့် အေးအေးလူလူ ရှိနေဦးမှ။ ကျွန်မမှာ အေးအေးလူလူ အချိန်တွေ မရှိခဲ့ဘူးလား။ ဒီလိုလည်း မဟုတ်ပါ။ မိုးလင်းမိုးချုပ် အလုပ်တွေ ဘယ်လောက်ပဲ ပိနေဦးတော့၊ တစ်ကိုယ်ရေ အိပ်စက်နားနေချိန်မျိုး မှာ ကောင်းကင်ကြီးကို အေးအေးလူလူကြည့်ခဲ့နိုင်သားပဲ။ ဒီမြို့ ပြကို ရောက်ကတည်းက ကျွန်မ ဘာလို့ကောင်းကင်ကြီးကို မမြင်မိတာပါလိမ့်၊ နောက်ဆုံးတော့ ကျွန်မမှာ ကောင်းကင်ကြီးကို နေမော့ကြည့် ခွင့် မရှိခြင်းရဲ့ အဓိကတရားခံက ကြည့်မြင်စရာ ပြတင်းပေါက်တစ်ခု မရှိခဲ့လို့ပဲ ဖြစ်ကြောင်း သဘောပေါက်သွား ရတော့သည်။ ဘာပဲ ဖြစ် ဖြစ် ကြယ်တွေ စုံတဲ့ကောင်းကင်ကြီးကို ကိုယ်ပိုင်အချိန်မှာ အေးအေးလူလူ မော့ကြည့်ဖို့ရာ ပြတင်းပေါက် တစ်ပေါက်တော့ အသေအချာလိုပါသည်။ ထပ်လောင်းပြောရလျှင် ကိုယ်ပိုင်ပြတင်း ပေါက်တစ် ပေါက် အသေအချာလိုပါသည်။

ဓာတုဗေဒ ပထမနှစ် ကျောင်းသူအ ဖြစ် ရန်ကုန်တက္ကသိုလ် ကြည့်မြင်တိုင်နယ်မြေမှာ ကျောင်းစတက်တော့ ကျောင်းနှင့် နီးနီး လမ်းထိပ်က

ပြင်ပဘော်ဒါဆောင်တစ်ခုမှာ ကျွန်မငှားရမ်း နေထိုင်ခဲ့ရသည်။ အယ်လ်ပုံသဏ္ဍာန် နှစ်ထပ်အဆောင်၏ ထောင့်စွန်း မြေညီထပ် လေးယောက် ခန်း တစ်ခုမှာ ကျွန်မ နေခဲ့ရသည်။ ခြံဝင်းတစ်ခုလုံး ခပ်ကျယ်ကျယ်ရှိပေမဲ့ အဆောင်ကိုတော့ အိမ်မကြီးရဲ့ အနောက်ဘက် အတွင်းကျကျ လွတ်နေသည့် မြေကွက်လပ်ထောင့်ကျဉ်းလေးမှာ ကတ်ကတ်သပ်သပ် ကျုပ်ကျုပ်ညပ်ညပ်ဆောက်ထားသည်။ ပြတင်းတံခါးနှင့် ကပ်လျက်ခုတင်မှာ နေရာရပေမဲ့ ကျွန်မကံမကောင်းခဲ့ပါ။ ပြတင်းတံခါးကို ဖွင့်လိုက်တိုင်း ခပ်စုတ်စုတ် နှစ် ထပ်ပျဉ်ထောင်အိမ်တစ်လုံး နံ့ချာချာ ညစ်ထေးထေးများ မြင်ကွင်းနှင့် အတူ အိမ်သာနံ့ဆိုးဆိုးဝါးဝါးကို ရတတ်တာကြောင့် ပြတင်းတံခါးကို အမြဲတစေပိတ်ထားခဲ့ရဖူးသည်။ ( မကြာသေးမီအချိန်က အဲသည်လမ်းဘက်ကို မမျှော်လင့်ဘဲ ဖြတ်သွားဖြတ်လာ ရောက်တော့မှ အဲသည့်နေရာတစ်ဝိုက်မှာ ခေတ်မီလှပတဲ့ တိုက်တာ အဆောက်အအုံတွေ နဲ့ နေချင့်စဖွယ် သပ်ရပ်ခမ်းနားနေတာကို ကျွန်မ တွေ့ခဲ့ရသည်။ ပြတင်းပေါက်ရှိလျက်နဲ့ ဖွင့်ခွင့်မသာလေတော့ ကျွန်မမှာ ကောင်းကင်ကြီးနဲ့ ဝေးနေခဲ့ရတာ ပဲ ဖြစ်သည်။

ဒုတိယနှစ် မှာ တော့ သည့်ထက်ပိုဆိုးတော့သည်။ ကျွန်မ နေရမည့် နှစ်ယောက် ခန်းမှာ ပြတင်းပေါက်များ ရှိမနေပါ။ ထိုစဉ်က လမ်းမဘက်ရှေ့မျက်နှာစာ အခန်းများမှာ ပြတင်းပေါက်များ ရှိရုံသာမက ဝရန်တာလှလှ လေးများ ပါရှိလိုက်သေးသည်။ တစ်ယောက်စာ လွတ်သေးသည်ဆို၍ ကျွန်မ ပြောင်းနေမည် လုပ်တော့ အဆောင်ခက ပုံမှန်နှုန်းထားထက် နှစ် ဆထပ်ပေးရမည် တဲ့။ မတန်မဆ များ နေသည်မို့ ကျွန်မ မတတ်နိုင်၊ လက်လျှော့လိုက်ရသည်။ သည်လိုနှင့် ဒုတိယနှစ် တနှစ် လုံး ပြတင်းပေါက်မရှိတဲ့ အခန်းမှာ နေထိုင်ရင်း၊ ကောင်းကင်ကို ကျွန်မ တကယ်ပဲ မေ့လျော့သွားခဲ့ဖူးသည်။

တတိယနှစ် မှာ တော့ ရန်ကုန်ပင်မတက္ကသလိုလ်သို့ ရောက်ပြီမို့ တံတားဖြူကန်လမ်းထဲက မြနန္ဒာ အဆောင်မှာ နေခဲ့သည်။ ခုတင်နှစ် လုံးရဲ့ အလယ်မှာ စားပွဲတစ်လုံးသာ ထားပေးထားသည့် နှစ် ယောက် ခန်း။ အခန်း ဖော်နှင့် တစ်ဝက်စီပိုင်တဲ့ စားပွဲရဲ့ ထိပ်မှာ ပြတင်းပေါက်တစ်ပေါက်ရှိသည်။ အဲသည်တုန်းက ပြတင်းပေါက် တစ်ပေါက်ရှိနေပါလျက်နဲ့ ကျွန်မမှာ ကောင်းကင်ကြီးကို ဘာလို့များ မမြင်မတွေ့မိခဲ့ရတာ

လိမ့်. . .၊ ဘာလို့များ ကောင်းကင်ကြီးနဲ့ အလှမ်းဝေးခဲ့ရတာ ပါလိမ့်။ မေ့ချင်ချင်တောင် ဖြစ်လို့နေပါပြီ။ သေချာစဉ်းစားလေကာမှ တရေး ရေး ပေါ်လာကာ မှတ်မိတော့၏ ။ အဆောင်ရဲ့ ခေါင်းရင်းအိမ်က အမျိုး သားဘော်ဒါဆောင်ဖွင့်ထားသည်ပဲ။ ပြတင်းပေါက်ချင်း နီးကပ်လွန်းစွာ ရှိနေတာက တစ်ကြောင်း၊ ဂစ်တာတီးသီချင်းစောင်းဆိုတတ်ပြီး စချင်နောက်ချင် ခင်မင်ရင်းနှီးချင်ပုံရတဲ့ အဲသည်အဆောင်သား အမျိုး သားလေးတွေ နဲ့ အရောတဝင် မနေလိုတာကတစ်ကြောင်း၊ ဒါတွေ ကြောင့် ပဲ ပြတင်းတံခါးကို မဖွင့် ဖြစ်ခဲ့တာ ဖြစ်မှာ ။ သည်လို မဖွင့် ဖြစ်ရာကနေ ကောင်းကင်ကြီးနဲ့ ဝေးခဲ့ရတာ ဖြစ်မှာ လို့ ကျွန်မ စဉ်းစားမိရတော့သည်။

နောက်ဆုံးနှစ် မှာ တော့ ကျွန်မ တစ်ယောက် ခန်း ငှားနေ ဖြစ်ခဲ့သည်။ အဲသည်မှာ ပြတင်းပေါက်တစ်ခုလုံးကို ကျွန်မ အပိုင်စားရခဲ့သည်။ ဒါပေမဲ့ ကောင်းကင်ကို မြင်တွေ့ခွင့် မရခဲ့ဖူးပါ။ ဘာကြောင့် ပါလိမ့်၊ အကြောင်းက တစ်ခုပဲ ရှိပါသည်။ ခေတ်မီတိုးတက်လာသည့် မြို့ ပြလူနေမှု စနစ်နှင့် အတူ လူနေအိမ်ခပ်နိမ့်နိမ့်များ နေရာမှာ မြင့်မားလှပ ခံ့ညားသည့် ကံထရိုက်တိုက်ကြီးများ က အရှိန်အဟုန်ပြင်းပြင်း အစားထိုးဝင်ရောက်လာသည့် ကာလမို့ ကျွန်မနေ သည့် အဆောင်နှင့် ကပ်လျက် နေရာမှာ လည်း တိုက်သစ်ကြီးတစ်လုံးက မြင့်မားခံ့ညားလှစွာ နေရာယူထားနှင့် လေသည်။ သည်လိုအကြောင်းတရားတွေ ကြောင့် ပဲ ကြယ်တွေ စုံတဲ့ကောင်းကင်က ကျွန်မအာရုံထဲကနေ ပျောက်ကွယ် သွားခဲ့ခြင်း ဖြစ်ကြောင်း အခု ကျွန်မ ရိပ်စားမိလေပြီ။

ကျွန်မ ကျောင်းပြီးချိန်မှာ တော့ ကံကောင်းထောက်မစွာ မိဘများ က တိုက်ခန်းတစ်ခန်း ဝယ်ယူနိုင်ခဲ့သည်။ တတိယမြောက်အလွှာမှာ ရှိသည့် အခန်းလေးသည်။ ထောင့်ခန်းလေး ဖြစ်သည့်အတွက် လေဝင်လေထွက်ကောင်း လှသည်။ ဒါပေမဲ့ ကောင်းကင်ကို တိုးယိုပေါက် မြင်တွေ့နိုင်စရာ ပြတင်းပေါက်တွေ တော့ရှိမနေပါ။ တရပ်ကပ် မှန်များ တပ်ဆင်ထားသည့် ပြတင်းပေါက်များ သည် လှပပြီး လုံခြုံစိတ်ချရပေမဲ့ ကျွန်မအတွက်တော့ အသုံးမဝင်ပါ။ အသုံးမဝင်သည့်အပြင် အနှောက်အယှက်ပင် ဖြစ်ရပြန်သေးသည်။ ကိစ္စမရှိပါ။ အိမ်ရှေ့ဝရန်တာ တစ်ခုလုံး ရှိသေးသည်ပဲ၊

အိမ်ရှေ့ဝရန်တာနှင့် ဘေးဝရန်တာလေးတွေ တော့ ကျွန်မရဲ့ ဖြန့်ကြက်ဆန့်ထွက်ရင်း ကောင်းကင်နှင့် ဆက်သွယ်ဖို့ပေါ့လို့ တွေ းမိတုန်းမှာ ပဲ အမေက ပို၍ ဘေးကင်လုံခြုံ စိတ်ချရလေအောင် အခန်းပတ်ပတ် လည်ကို သံပန်းတံခါးများ ကပ်မည် တဲ့။

သည့်နောက် တိုက်ခန်းလေးသည် မြင်သူငေးရလောက်သည့် ဒီဇိုင်းလှလှ အကွက်ဖော် ထားသည့် ဂျပန်သံပန်းကွက်လေးများ ဖြင့် လှူင်မြန်စွာ ပင် လုံခြုံ တင့်တယ်သွားခဲ့တော့သည်။ အဲသည်တုန်းက ဝရန်တာမှာ ထွက်ရပ် ရင်း အလိုမကျ ဖြစ်ခဲ့ဖူးတာ ကျွန်မ အမှတ်ရမိသေးပါသည်။ သံဆန်ခါကွက်ကလေးများ နောက်ကွယ်က လှမ်းမြင်နေရသော ကောင်းကင်သည် ကျွန်မ မျက်လုံးထဲမှာ ထင်းလင်းကြည်လင်စွာ ရှိမနေခဲ့ပါ။ ကောင်းကင်ဟာ ကြယ်စုံသလား. . .မစုံဘူးလား၊ တိမ်တွေ ဘယ်ကနေ ဘယ်ဆီကို တလှုပ်လှုပ် ရွေ့လျားနေကြပါလိမ့်. . .။ ဘာကိုမှ ကျွန်မ သဲကွဲပြတ်သားစွာ မမြင်နိုင်တော့ပါ။ သံပန်းများ သည် လှပခိုင်ခံ့နေပေမဲ့ ကျွန်မနဲ့ ကောင်းကင်ကို စည်းခြားပစ်ခဲ့ဖူးသည်။

သည်လိုနှင့် နေလာရင်း ကျွန်မသည် ကောင်းကင်ကြီးကို ပိုမိုငတ်မွတ်လာသည်။ အခုဆိုလျှင် မိသားစုအပိုင် အိမ်တွင် နေရပြီ။ အရင်ကလို ၆ နာရီထိုးသည်နှင့် အဆောင်ထဲ ဝင်ရမည့် စည်းကမ်းကနေလည်း ကင်းလွတ်ခဲ့ပြီမို့ ညဦးပိုင်းတွေ မှာ စာအုပ်ထွက်ငှားရင်း၊ တစ်ခုခုထွက်စားရင်း လမ်းပေါ်ကနေ ကြယ်လစုံလင်ခင်းကျင်းထားသည့် ကောင်းကင်ကြီးကို မကြာခဏ ကျွန်မငေးကြည့်ခွင့်ရခဲ့ပြီ။

ဒါပေမဲ့ ခက်ပြန်ပါပြီ။ တစ်ခါမှ အေးအေးလူလူ မရှိပါ။ ကျွန်မတို့နေတဲ့ ကျောက်မြောင်းမှာ လမ်းတွေ က ရှုပ်ထွေးကျဉ်းမြောင်းရသည့်အထဲ ကားတွေ ၊ ဆိုက်ကားတွေ ၊ လူတွေ က အချိန်တိုင်း ပြည့်ကျပ်လို့နေတတ်သည်။

မြင်မြင်သမျှမြင်ကွင်းအားလုံးသည် အမြဲတစေ ဆူညံရှုပ်ထွေးနေတတ်သည်။ လမ်းဘေးဝဲယာ မုန့်ဆိုင်များ ပေါလှသလို လမ်းပေါ် အချိန်ပြည့် သွားလာကျက်စားနေတတ်သည့် ပိုင်ရှင်မဲ့ခွေးတွေ ကလည်း များ ပြားလှသေး သည်။ သည်တော့ မုန့်ဆိုင်တွေ ကို ငေးရင်း၊ ကားဆိုက်ကားနဲ့ ခွေးတွေ ကို ရှောင်ကွင်းရင်း သတိကြီးစွာ ထားလျက် သွားလာနေရသည်။ ကောင်းကင်ကို အငေးလွန်မိခဲ့လို့

ခွေးတစ်ကောင်နဲ့ တည့်တည့်တိုးပြီး ဒူးကို ခွေးကိုက်ခံဖူးတာ ကျွန်မ မမေ့သေးပါ။ လက်မောင်းမှာ ဆေးတွေ ထိုးလိုက်ရကတည်းက အဲသည်နောက်ပိုင်း ကျွန်မ ဘယ်လိုမှ ငေးရဲတော့ပါ။ အလွန်နှစ်သက် သည့် ကောင်းကင်ကြီးကို ကျွန်မ ယောင်လို့မှ ယောင်လို့မှ မော်မကြည့်ရဲတော့ပါ။

တစ်ခါတစ်ခါ စဉ်းစားမိသည်။ ကောင်းကင်ကြီးကို ကျွန်မ ဘယ်တော့များ မှ အေးအေးလူလူထိုင်ကြည့်ခွင့် ရပါမလဲ။ ကိုယ်ပိုင်အိမ်တစ်လုံးသာ တစ်ဦးတည်း အပိုင်ဝယ်သူ နိုင်အားရှိလျှင်တော့ ပတ်ဝန်းကျင်မှာ တိုင်တာမြင့် မြင့်တွေ မရှိတဲ့ နေရာ၊ ပြတင်းပေါက် များများ ပါသည့် အိမ်မျိုး ၊ တိုက်ခန်းမျိုး မှာ ကျွန်မ နေချင်ပါသည်။ သံပန်းကာမထား၊ လိုက်ကာတပ်မထားသည့် ပြတင်းပေါက်အကျယ်ကြီးကနေ ကောင်းကင်ကြီး ကြယ်စုံမစုံ တဝကြီး ထိုင်ကြည့်ပစ်စမ်းမည် ။

လောလေဆယ် ကျွန်မတို့ ပတ်ဝန်းကျင်မှာ တော့ မြင့်သထက်မြင့်လာသည့် တိုက်တာများ ကို အပြိုင်းအရိုင်း မြင်တွေ့နေရသည်။ မျက်စိရှေ့မှော က်မှာ ပင် ဆောက်လုပ်ပြီးစီး နေသည်မှာ မနည်းမနောပင်။ လျှပ်ဒဏ်ကို အမြင့်ဆုံးခံနိုင်စွမ်းရှိအောင် တွက်ချက်စစ်ဆေး ဆောက်လုပ်ထား မထားကိုတော့ ကျွန်မ မသိပါ။ အခု နောက်ပိုင်းမှာ အရေး ပေါ် ထွက်ပေါက်အ ဖြစ် တစ်ကိုယ်စာနောက်ဖေးလှေကားကျဉ်းလေးတွေ စီမံထည့်သွင်းဆောက်လုပ် လာ ကြတာကိုတော့ ကျွန်မ ဟိုမှာ သည်မှာ မြင်တွေ့နေရသည်။

'သံပန်းဆန်ခါလည်း တပ်ထားပါရဲ့ ၊ ကိုယ့်အိမ်နောက်ဖေးဝရန်တာပဲလေ၊ ဒီလောက်ရှစ်လွှာ အမြင့်ကြီးကို ဘယ်သူခိုးမှ လာမှာ မဟုတ်ပါဘူးဆိုပြီး ညက အဝတ်တွေ မရုတ်ဘဲ ထားလိုက်တာ၊ အကုန်ပါသွားရော၊ ဒီနောက် လှေကားက တတ်တာပဲ ဖြစ်မှာ ပေါ့'လို့ အိမ်နီးချင်း တစ်ယောက် က ပြတော့ အဲသည် နောက်ဖေးလှေကားလေးတွေ ကို ကြည့်ကာ ကျွန်မ စိတ်မောသွားသည်။ အန္တရာယ်ကင်းဖို့အတွက် ကြိုတင်စီမံထားချက်တွေ ဟာ အခြားတစ်ဖက်ကနေ အန္တရာယ်ကို ဖိတ်ခေါ်သလို ဖြစ်နေကြီလား။ ဘာပ ဖြစ် ဖြစ် ကျွန်မတို့ ရပ်ကွက်ထဲက ပွဲစားမိန်းမ တွေ ရဲ့ ပါးစပ်ဖျားမှာ တော့ တိုက်ခန်းတွေ ဈေးကောင်းနေပါသည်။ ဂျာနယ်ဈေးကွက်စာရင်တွေ ထဲမှာ တိုက်ခန်းအရောင် းအဝယ် အေး၊

ငြိမ်၊ ကျလို့ တွေ့ရတတ်ပေမဲ့ ရပ်ကွက်ထဲက ပွဲစားမတွေ ကတော့ ၂၄ နာရီ အလုပ်အကိုင် ဖြစ်နေတာ တွေ့နေရသည်။ ရေကြည်ရာ မြက်နုရာ ရွှေ့ပြောင်းငှားရမ်းနေထိုင်သူတွေ ပေါ်များ လာ လို့ပဲလား။ ဒါကိုတော့ ကျွန်မ မသိပါ။

အကျဉ်းအကျယ်၊ အလွှာအထပ်ချင်း အတူတူ၊ အတွင်း ခန်းတွေ က ဈေးနိမ့်ပြီး ပြတင်းပေါက်ပါတဲ့ ထောင့်စွန်းခန်းတွေ က ပိုပြီး ဈေးကောင်းရကြောင်း သိရတော့ ကျွန်မလို ပြတင်းပေါက် မက်မောသူတွေ များ ပြားလာ တဲ့သဘောပေါ့လို့ကျွန်မ မဝံ့မရဲ ယုံကြည်မိသေးသည်။ တချို့ တိုက်တွေ လမ်းထောင့်မှာ ဆောက်ထားပေမဲ့ ပြတင်းပေါက်ဖောက်မထားဘဲ အလုံပိတ်ထားသည်ကို တွေ့ရတော့ ကျွန်မ မဆီမဆိုင် အသက်ရှူကျပ်ရသေးသည်။ ဆူဆူညံညံရပ်ကွက်နှင့် အတူ အဝေးကြီးက ဆီးကြည့်လျှင် မီးခြစ်ဆံကတ်ပုံးလေးတွေ ထောင်ချထားသလို ဖြစ်နေ သည့် ထိုးထိုးထောင်ထောင်၊ ပူးပူးကပ်ကပ် တိုက်ခန်းတွေ ကို ကြည့်ကာ ကျွန်မ စိတ်မောလူမော ဖြစ်နေချိန်မှာ ညီမငယ်က ပြောသည်။

'အိမ်ကျယ်၊ ခြံကျယ်ကြီးထဲမှာ သီးသန့်နေရတာ ဆိတ်ငြိမ်လွန်းတော့ လူက ပျင်းရိပြီး ဘယ်မှ မသွားချင် မလာချင်နဲ့ အီလေးဆွဲနေတတ်တယ်၊ အခုလို လူဝင်လူထွက် တံခါးပိတ်သံတွေ ၊ လှေကားအတက်အဆင်းခြေသံတွေ ၊ ရေမော်တာသံတွေ က အစ မိုးလင်းတာနဲ့ ဆူဆူညံညံ ကြားနေရတော့ လူက အလိုလို စိတ်ဓာတ်တက်ကြွနေတာပဲ၊ မျက်စိနှစ် လုံးပွင့်တာနဲ့ သူသူငါငါလှုပ်ရှားသွားလာနေတာတွေ မြင်ကြား နေရတော့ ပျင်းဖို့ကို စဉ်းတောင်မစဉ်းစား မိတော့ဘူး၊ လူတွေ ကြားထဲမှာ ပူးပူးကပ်ကပ်နေရတာ သိပ်ကောင်းတာပဲ နော်'တဲ့။

ခုတော့လည်း ကျောက်မြောင်းက ဒီတိုက်ခန်းလေးမှာ ညီမငယ်လို ကျွန်မ နေသားကျခဲ့ပါပြီ။ ငလျင်လှုပ်တဲ့အခါမှာ လည်း အရင်တုန်းကလို ကြောက်ရွံ့ထိတ်လန့်မနေတော့ဘဲ အစားအသောက် အရယ်အမောမ ပျက် ပေါ့ပေါ့ပါးပါး နေတတ်ခဲ့ပြီ။ နေသားကျပြီဆိုပါမှ မမျှော်လင့်သည့် မိသားစုအကြောင်းကိစ္စတစ်ခုကြောင့် သည် တိုက်ခန်းကနေ အရေး ပေါ်ပြောင်းရွှေ့ဖို့ ကြုံသည်။ သည်နေရာကနေ ပြောင်းရွှေ့ဖို့

ရတ်တရက် အခန်းရှာ တော့ အာကျယ်ကျယ်ဟောင်ဖွာဖွာ ရပ်ကွက်ထဲက ပွဲစားမကြီးတွေ ကိုပဲ အားကိုးရသေးသည်။ နောက်ဆုံးတော့ ကျောက်မြောင်းဈေးအနောက်ဘက်ဟ ဗဟိုလမ်းထောင့်မှာ ၊ တစ်လ သုံးသော င်းခွဲနှင့် ဝေ့လှ အခန်း တစ်ခန်းကို ရခဲ့သည်။

သည်လိုနဲ့ ပြတင်းပေါက်မြင်ကွင်းကျယ်ကြီး တစ်ခုကို ကျွန်မ မရှာဖွေဘဲ ရလိုက်သည်။ တိုက်ခန်းသည် အနောက်ဘက်ကို မျက်နှာမူထားသည်မို့ အိမ်ရှေ့ဝရန်တာကျယ်ကြီးက ကျွန်မစိတ်ကြိုက်မြင်ကွင်းကျယ်ကြီး တစ်ခု လို ဖြစ်နေသည်။ နေဝင်ချိန် ဆည်းဆာအလှကို ကောင်းစွာ မြင်တွေ့နိုင်တဲ့အပြင် ရွှေရောင် တလက်လက်တောက်ပနေတဲ့ ရွှေတိဂုံစေတီတော် မြတ် ကို ဖူးမြော်နိုင်သေးသည်မို့ အမေက သဘောကျခဲ့သည်။ ကျွန်မ အတွက် အကောင်းဆုံး ကတော့ သည်ဝရန်တာကျယ်ကြီးကနေ ကောင်းကင်ကြီးဆီသို့ အဆီးအတားမရှိလှမ်းကြည့်နိုင်ခဲ့လို့ပါပဲ။

အဲသည်နေ့က စပြီး တစ်နေ့တာအလုပ်ပြီးသည်နှင့် အိမ်သို့ အပြေးပြန်လာခဲ့မိခြင်းရဲ့ အဓိကအကြောင်းရင်းက ဝရန်တာ(ကျွန်မအခေါ် ပြတင်းပေါက်မြင်ကွင်းကျယ်ကြီး)မှာ ကျွန်မ ထွက်ရပ်နေချင်လို့ပဲ ဖြစ်သည်။ အလုပ်ကနေ ခပ်စောစော ပြန်လာသည့် ညနေမျိုး မှာ ပုစွန်ဆီရောင် သမ်းနေသည့် နေဝင်ချိန်အလှကို အသွေးအရောင် ကျကျ Landscape ပန်းချီကားကြီးတစ်ချပ်နှယ် ကျွန်မ မြင်ရတတ်သည်။ အနည်းငယ်နောက်ကျ လျှင်တော့ အဲသည်ပန်းချီကားကြီးကို မမြင်ရတော့ဘဲ မီးခိုးရောင် ရင့်ရင့် တူညီဝတ်စုံ ဝတ်ထားသည့် တိမ်လုပ်သားများ ကို တလှုပ်လှုပ် တွေ့ရတတ်သည်။ သည့်ထက် နောက်ကျလျှင်တော့ မဟူရာကောင်းကင်မှာ အဝါရောင် တစ်ကွက်ဖောက်ထားသည့် ရှုမြင်ကွင်းတစ်ခုကို စိတ်ကြည်နူးဖွယ် မြင်ရတတ်သည်။ သည်မြင်ကွင်းကျယ်ကြီးထဲမှာ မြင်နေရကျ တိမ်တွေ ကလည်း တစ်ခါကြည့်လိုက်တိုင်း ဖွဲ့တည်မှု ပုံစံအသစ်တစ်မျိုး ဖြင့် ကျွန်မ စိတ်နှလုံးကို ဆန်းကြယ်စွာ ဆွဲဆောင်ထားနိုင်ခဲ့သည်။ ဟောသည့် ပြတင်းပေါက်မြင်ကွင်းကျယ်ကြီးက နေ ကြယ်တွေ စုံမဲ့ ညနက်နက်အချိန်တွေ အထိ တစ်ညလုံး ကျွန်မ စောင့်ကြည့်ချင်ပါသေးသည်။


တစ်ခုတော့ ရှိသည်။ အမေက ဝရန်တာအတွက် တံခါးချပ်ကို မပိတ်ရမချင်း

စိတ်ဖြောင့်ဖြောင့်ရှိနိုင်ပုံမပေါ်။ သည့်ကြားထဲ 'လုယက်ဖောက်ထွင်းမှု တွေ များ ပြားနေပါသဖြင့် လုံခြုံစိတ်မှုမှု အတွက် မိမိတို့ရဲ့ တိုက်ခန်း ပတ်ပတ် လည် တံခါးများ ကို လူရှိသည် ဖြစ်စေ၊ မရှိသည် ဖြစ်စေ သော့ ခတ်ပိတ်ထားကြပါရန်'လို့ ရပ်ကွက်ကင်းစောင့်သူများ က လှည့်လည်နှိုးဆော် နေသေးသည်။ ဒီတော့ အစိုးရိမ်ပိုတတ်တဲ့ အမေ စိတ်အေးစေဖို့ ပြတင်း ပေါက်မြင်ကွင်း ကျယ်ကြီးကို ကျော၁ခိုင်းကာ သံပန်းတံခါးရော၊ သစ်သားတံခါးပါ အသေအချာ ပိတ်ကာ ကျွန်မ အိပ်ရာဝင်ရသည်။

ကျွန်မ ကြည့်မိသည် ဖြစ်စေ၊ မကြည့်မိသည် ဖြစ်စေ ကောင်းကင်ကြီး ကတော့ ကြယ်တွေ စုံ မှာ သေချာပါသည်။

မိုး၊ ၂၀၀၇၊ ရူလိုင်

*



# ၂၁ ရာစု ပေါ်လီယာနာ

နှိုးစက်နာရီလေးဆီက အဆက်မပြတ် မြည် သံကြောင့် အိပ်ရာမှ သူမ ကပျာကယာ ထသည်။ ညတုန်းက အိပ်ဆေး ဝဝ အိပ်ခဲ့ရသဖြင့် သူမ ဝမ်းသာမိသည်။ အိပ်ဆေးသာ မဝခဲ့လျှင် သူမ စိတ်လက်ကြည်လင်စွာ နိုးထနိုင်လိမ့် မည် မဟုတ်။ ဒီနှိုးစက်နာရီးလေးရှိနေတာ ဝမ်းသာစရာပင်။ အပေါ်စားနာရီလေးပင် ဖြစ်လင့်ကစား သူမ နားများ က သေသေချာချာ ကြားနိုင်အောင် အသံပေးတတ်သည်။

ဒီနာရီလေး မရှိခဲ့ရင်ရော. . .။ ကိစ္စမရှိ။ ငှက်ကလေးတွေ က ကျလိကျလိ အသံညံ့စီလျက် နံနက်ခင်းတေးသံသာဖြင့် သူမကို နှိုးပါလိမ့်မည် ။

*

နို့ဆီမလို၊ သကြားမလို အဆင်သင့်သောက်နိုင်သော ကော်ဖီမစ်အထုပ်တွေ ရှိနေတာ ဝမ်းသာစရာပင်။ ညက ကျန်တဲ့ ထမင်းကြမ်းခဲကို ပဲပြုတ်ဝယ်ပြီး နယ်စားနေစရာ မလိုတော့။ အိမ်နောက်ဖေးလမ်းကြား ကျက်စား တတ်တဲ့ ခွေးလေးတွေ ကို အဲဒီ ထမင်းကြမ်းခဲတွေ ပစ်ချကျွေးလိုက်နိုင်သည်မို့ မိုးလင်းသည်နှင့် ကုသိုလ်ယူပြီးသား ဖြစ်နေလေပြီ။

ရေပိုက်က ရေလာသည်နှင့် သံကန်၊ ရေကန်၊ အုတ်ကန်၊ ပလတ်စတစ်ရေပုံးတွေ ပါ မကျန် ရှိရှိသမျှ ရေအကုန်လိုက်ဖြည့်သည်။ သူ့အချိန်နှင့် သူလာသော ရေကို စောင့်ပြီး ဖြည့်ရတာ ဝမ်းသာစရာပင်။ ရေကို တစ်ပင်

တပန်း၊ ဆွဲငင်စရာ မလိုတော့။

ခေါင်းလောင်းမြည် သံကြား၏ ။ သတင်းစာလာပြီ။ ရေကို မငင်ရသော် လည်း သတင်းစာကိုတော့ ငင်ယူရပါသည်။ ခုနစ်ထပ်တိုက်၏ အပေါ်ဆုံးထပ်မှာ နေလေတော့ အောက်သို့ တွဲ လောင်းချထားသည့် ကြိုး စမှာ ချိတ်ဆွဲပေးလိုက် သည့် သတင်းစာကို ဆွဲငင်ယူရသည်။ ဈေးနိမ့်ပြီး အထပ်မြင့်သော် လည်း အပေါ်ဆုံးထပ်မှာ နေရတာ ဝမ်းသာစရာပင်။ လမ်းမပေါ်က လူသံ၊ ကားသံ၊ ဆူညံသံတွေ နှင့် အလှမ်းဝေးသဖြင့် နေထိုင်ရတာ နားအေးပါးအေး ရှိလှသည်။ လေကောင်းလေသန့် ပိုရသဖြင့် ကျန်းမာရေး နှင့် ညီညွတ်သည်။ မြေညီထပ်တွေ မှာ သော င်းကျန်းတတ်သည့် မြေကြွက်ကြီးများ ၏ အန္တရာယ်ကို မှု ရန်မလိုတော့။ နေ့ခင်းနေ့လယ် သရေစာအ ဖြစ် မုန့်သည်တွေ အော်ခေါ်ကာ ကဒီး ကဒီး ဝယ်မစား ဖြစ်တာ ဝမ်းသာစရာပင်။ ပိုက်ဆံ အပိုမကုန်တော့ပါ။

ခြံနှင့် ဝင်းနှင့် မနေရတာ ဝမ်းသာစရာပင်။ ခြံကျယ်လျှင် မြက်ရိတ်ရ၊ သစ်ရွက် အမှိုက်ခြောက်လှည်းကျင်းစုပုံ မီးရှို့နှင့် မသက်သာလှ။ အခု အမှိုက် မီးရှို့စရာ မလို။ အမှု က်တွေ ကို ကြွပ်ကြွပ်အိတ်ကြီးဖြင့် စုစည်းထားပြီး အမှိုက်ကား၊ အမှိုက်တွန်းလှည်းလာ သံကြားမှ ပေးလိုက် ရုံပင်။ အလှူမဏ္ဍပ်တွေ မှာ နေ့စဉ်မှန်မှန် ပေးလှူပြီး ဖြစ်နေ လေပြီ။

တိုက်ခန်းသည် တခမ်းတနား ကျယ်ဝန်းမနေဘဲ ခပ်ကျဉ်းကျဉ်းရှိတာ ဝမ်းသာစရာပင်။ တိုက်ခန်းချင်းအတူတူ သူများ တကာ တွေ လို အခန်းတွေ ဘာတွေ သေချာမဖွဲ့နိုင်တာ ဝမ်းသာစရာပါင်။ ဒိုးယိုပေါက် ဟောလ်တိုက်ပဲ ဖြစ်တော့ ရှေ့ဝရန်တာက အစ အနောက်ဝရန်တာ အဆုံး လှမ်းမြင်နိုင်ပြီး။ ဘယ်သူက ဘာလုပ်နေသလဲ အလွယ် တကူတွေ့နေရသည်မို့ အရေး အကြောင်းရှိလျှင် တစ်ယောက် နှင့် တစ်ယောက် တကူးတက အော်ခေါ် လိုက်ရှာနေစရာ မလိုတော့။

မေမေ ချက်ပေးသည့် ထမင်းနှင့် ဟင်းကို ပလတ်စတစ်ဘူးလေးထဲထည့်ရင်း သူငယ်ချင်းတွေ လို နှစ် ဆင့်၊ သုံးဆင့်ပါ စတီးချိုင့် မကိုင်နိုင်ခြင်းပဲ ဝမ်းသာရပြန်သည်။ ကျောင်းချိန် အလျဉ်မီအောင် ကမန်းကတန်း ချက်ပြုတ် ပေးရသည့်အထဲ ချိုင့်ပြည့်အောင် ဟင်းအမျိုး မျိုး ထပ်လုပ်ရပါလျှင် မေမေ့အတွက် ကသီလင်တနိုင်ပြီး ပိုပင်ပင်းစေ ပါလိမ့်မည် ။ သိမ်ငယ်စရာ ရှိသော် လည်း ဟင်းနည်းနည်း ကလေး တစ်မျိုး ထည့်ရုံဖြင့် လုံလောက်သွားပြီး

ဖြစ်သော ဒီပလတ်စတစ် ထမင်းဘူးလေးက မေမေ့ကို အမှန်ပင် သက်သာစေပါသည်။

ဘတ်စ်ကားဖြင့် ကျောင်းသွားရသည်မှာ ဝမ်းသာစရာပင်။ ထိုင်ခုံနေရာ ရသည့်အခါ နေရာမရသူတို့၏ ပစ္စည်းပစ္စများ ကို ကိုင်ပေးရခြင်းဖြင့် သူတို့ထံက ကျေးဇူးစကားကို ကြားခွင့်ရသလို နေရာမရှိသည့် အခါ ကိုယ့်ထမင်း ဘူးကို နေရာရသူများ ထံ ပေး၍ ကိုင်စေခြင်းအားဖြင့် ကျေးဇူးစကားပြောကြားရသည့် ပြုံး ပြစရာ အကြောင်းမရှု၊ ကျေးဖူးစကားမဆို၊ ကြားစရာအကြောင်းမရှိဘဲ မိမိကိုယ်ပိုင် ကားကို မိမိဘာသာမောင်းသွားရခြင်းထက် အပြုံး တစ်ခုနှင့် ကျေးဇူးစကားတစ်ခွန်းကို ကြားနာရသည် ဖြစ်စေ၊ ပြောဆိုရသည် ဖြစ်စေ အပြည့်အဝ အသုံးချပိုင်ခွင့် ရှိသော ဒီဘတ်စ်ကားများ ပေါ်မှာ စီးနင်းလိုက်ပါသွားရခြင်းက အပျင်းပြေစေပြီး အထွေအထူး မိတ်သဟာယဖွဲ့စရာ မလိုဘဲ လူအများ နှင့် ကျွမ်းဝင်နှင့် ပြီး ဖြစ်၏ ။

ဒီခေတ်မှာ လူ တစ်ယောက် ၏ ကျန်းမာရေး အခြေအနေသည် ကွန်ပျူ တာတစ်လုံး၏ အမြန်နှုန်းအခြေအနေလောက် အရေး ပါ အရာရောက်ခြင်း မရှိတော့ပါ။ တစ်ယောက် နှင့် တစ်ယောက် တွေ့သည်နှင့် ‘ဘယ်လိုနေလဲ နေကောင်းလား’ ဟုနှုတ်ဆက်ရမည့် အစား ‘ဘယ်လိုလဲ ကွန်ပျူတာ ဝယ်ပြီးပြီးလား၊ အမြန်နှုန်း ဘယ်လောက်လဲ’စသည်ဖြင့် နှုတ်ဆက်တတ်လာသော သူငယ်ချင်းများ အလယ်မှာ သူမ ကတော့ ကွန်ပျူတာမရှိတာ ဝမ်းသာစရာပင်။ I love you, Naked Wife, Happy, Red Code, Flashy, စသည်ဖြင့် နာမည် လှလှကလေးများ ဖြင့် ရုတ်ဖျက်လာတတ်သည့် ဗိုင်းရပ်စ်များ ၏ အန္တရာယ်ကို ဘဝမှာ ထည့်သွင်းစဉ်းစားစရာ မလိုတော့။

သူငယ်ချင်းတစ်စုနှင့် အဆင့်မြင့် ရုပ်ရှင်ရုံတွေ မှာ ရုပ်ရှင်လိုက်မကြည့်နိုင်တာ ဝမ်းသာစရာပင်။ နေကြာစေ့ တဖြောက်ဖြောက်ကိုက် ဆူညံသံပြု၊ အခွံအမှိုက်တွေ လက်လွှတ်စပယ် လွှင့်ပစ်ချတတ်သော စည်းမဲ့ကမ်းမဲ့အကျင့် မျိုး သူမမှာ ဘယ်တော့မှ ရှိမလာနိုင်တော့။ အိမ်မှာ တယ်လီဖုန်းမရှိတာ ဝမ်းသာစရာပင်။ ရုပ်ရှင်မင်းသား၊ အဆိုတော်၊ မော်ဒယ်လ်ဘွိုင်းတွေ ဆီ မိတ်ဆက်၊ စနောက်၊ ရင်ခုန်လှုပ်ရှား ဗျာများ နေတတ်သည့် ခပ်ပေါ့ပေါ့စရိုက် မျိုး သူမမှာ ရှိလာစရာ အကြောင်းမရှိတော့။

သူငယ်ချင်းတွေ လို ကျောပိုးအိတ်၊ စလင်းဘက်လှလှလေးတွေ တစ်နေ့ နီနီလေးကို မြင်သည်နှင့် သူမမှန်း ပတ်ဝန်းကျင်က ကျင့်သားရနေပြီ။ အထွေအထူး စိတ်ဝင်စားမှု ပိုကဲခြင်း မခံရတော့။ စိတ်ဝင်တစားလိုက်ကြည့်တတ်သည့် မျက်လုံးများ ကြောင့် ကသိကအောက် ဖြစ်၊ ခြေလှမ်းမှား ရခြင်းမျိုး မရှိတော့ဘဲ သူမ၏ ခြေထောက်များ သည် လွတ်လက်ပေါ့ပါးစွာ အမြဲလျှောက်လှမ်းနိုင်ပါသည်။

သီချင်းများ ကို ကြိုက်သူ ဖြစ်သော်လည်း ရုံအဝင်လက်မှတ်ခ ဈေးကြီးလှသော Stage Show များ ကို သူငယ် ချင်းများ နှင့် အတူ သူမ လိုက်မကြည့်နိုင်။ ဒါကိုပဲ ဝမ်းသာရပြန်သည်။ သူငယ်ချင်းများ အပြောကအရ ကြားသိရသည် မှာ Stage Show များ သည် အရင်ကလို သီချင်းချည်းသက်သက် မဟုတ်တော့။ ကြားဖြတ်ဝင်လာတတ်သော ဗလာပွဲတို့ကြောင့် မျက်စိရှက်စရာ ဖြစ်နေသည်မို့ (ခေတ်နောက်ကျသည်ပဲ ဆိုဆို) ထိုမြင်ကွင်းများ ကို မကြည့်ဝံ့သော သူမအတွက် မကြည့်နိုင်ခြင်းက ပို၍ ဝင်းသာစရာပင်။

လူ့ဘဝ( အထူးသဖြင့် မိန်းကလေးအများ စုသဘာဝ ) အရ ကိုယ့်ထက်သာလျှင် မနာလိုဝန်တို ဖြစ်တတ်ကြ ပါသည်။ လက်ရှိအခြေအနေအရ သူမမှာ သူတို့ထက်သာတာ ဘာတစ်ခုမှ မရှိလေတော့ သူငယ်ချင်းများ ၏ မနာလို ဝန်တို ဖြစ် ဖြစ်ခြင်းကို ခံရစရာ အကြောင်းမရှိ။ ဒါသည် ဝမ်းသာစရာပင်။ ဒါဖြင့် သူမကရော. . .ခုံမြင့်ဖိနပ်လှလှလေးများ စီးချင်ကြောင်း ဝန်ခံပါသည်။ သို့သော် မစီးနိုင်ခြင်းက ဝမ်းသာစရာပင်။ ခုံဖြင့် ဖိနပ်များ သည် မျက်စိအာရုံကြောများ ကို ထိခိုက်စေတတ်သည် မဟုတ်လား။ သူမက ပါဝါမျက်မှန်ထူထူ တပ်နေရသူ ဖြစ်ပါ သည်။ ခုဆိုလျှင် သူမ၏ သားရေဖိနပ်ပါးကလေးက မပြတ်သေးသော် ငြား အတော် လေးဟောင်းနေပြီ။ ဖိနပ်အသစ် လှလှလေး မဝယ်နိုင်သေး၍ စိတ်ပျက်ချင်သော လည်း သူမတို့ ကျောင်းရှေ့နားမှာ ခြေထောက်မရှိ၍ လက်များ ကိုသာ အားပြု၍ အရွတ်ဆွဲသွားရင်း တောင်းရမ်းစားသောက်နေသူ လူတစ်ဦးကို တွေ့ရသော အခါ အညံ့စား ဖြစ်စေ၊ အကောင်းစား ဖြစ် ဘယ်လိုဖိနပ်မျိုး ကိုမဆို ဤနေ့ရရစီးနင်းနိုင်သော သူမ၏ ခြေထောက်များ အတွက် သူမ ဝမ်းသာရသည်။

တန်ဖိုးကြီး အလှအပ ပစ္စည်းများ ဖြင့် ခြယ်သပြင်ဆင်၊ နောက်ဆုံးပေါ်ဖက်ရှင်

ဒီဇိုင်းအဆန်းအပြားများ ဝတ်စားဆင်ယင် စသည်ဖြင့် လှလှပပလေး အမြဲမနေနိုင်သော သူမအား အရေး တယူငေးမောလိုက်ကြည့်၊ စိတ်ဝင်တစားချစ်စကားဆိုမည့် သူ မရှိပါ။ ဒါသည် ဝမ်းသာစရာပင်။ စဉ်းစားရခက်ပြီး အဖြေမှန် ဘယ်တော့မှ ထွက်မလာတတ်သည့် မုစ္ဆာတစ်ပုဒ်ကို သူကဘဝမှာ အချိန်ကုန်ခံ၍ ဘယ်တော့မှ တွက်ချက်နေစရာ မလိုတော့။ ကိစ္စအဝဝတို့သည် ဖြစ်ပြီးလျှင် ပျက်တတ်၏ ။ ဘယ်အရာမှ မမြဲ။ ချစ်သူသည်လည်း မမြဲနိုင်။ ချစ်ပြီးလျှင် မုန်းတတ်၏ ။ ချစ်သူသည် တစ်နေ့နေ့မှာ မုန်းသူ ဖြစ်ရန် ရာခိုင်နှုန်းများ သည်။ ချစ်သူမရှိတာကို သူမ ကတော့ ဝမ်းသာပါသည်။ သူမမှာ ဘယ်တော့မှ မုန်းသူ မရှိနိုင်တော့။

'အောင်မြင်ကျော်ကြားမှု က အိမ်ရှေ့တံခါးပေါက်ကို တဒေါက်ဒေါက်လာခေါက်သည်နှင့် တစ်ပြိုင်နက် လွတ်လပ်မှု အလုံးစုံက ရှိသမျှ ပြတင်းပေါက်တွေ ကနေ အလျှိုအလျှို ခုန်ဆင်း ပျောက်ကွယ်သွားတော့သည့်'တဲ့ ဘယ်သူ့အဆိုအမိန့်တစ်ခုလဲမသိ။ မတတ်တတတ် မြွက်ဆိုလိုကသော သူမကိုယ်တိုင်၏ အဆိုအမိန့်တစ်ခု ဖြစ်ကောင်း ဖြစ်နိုင်ပါသည်။ ဘဝမှာ အောင်မြင်ကျော်ကြားမှု မရှိလျှင် သူမ ဝမ်းသာရပါဦးမယ်။ လွတ်လပ်မှု ၏ အရသာကို တင်းပြည့်ကျပ်ပြည့် ခံစားနိုင်ပေလိမ့်မည် ။ သူမက အတောင်ပံ့ပါသည့် ငှက်လေးများ ၏ ဘဝကို ကိုးကျိုတ်၍ အားကျနေသူလည်း ဖြစ်သည်။

မစန္ဒာ၏ 'အရိပ်' ဝတ္ထုကို ဖတ်ပြီး ဖေဖေနှင့် မေမေ အပြန်အလှန်သစ္စာရှိခြင်းအတွက် သူမ ဝမ်းသာရသည်။ ဝတ္ထုထဲက စုလှိုင်ဆိုသော မိန်းကလေး ခံစားရသော ဝေဒနာမျိုး သူမ ခံစားစရာ အကြောင်းမရှိနိုင်။

နေပူထဲကနေ ပြန်လာပြီး လွယ်အိပ်ကိုချ၊ သောက်ရေအိုးထဲက သဘာဝ ရေ အေးစိမ့်စိမ့်လေး တစ်ခွက်ကို သောက်လိုက်ရတာ ဝမ်းသာစရာပင်။ အပြင် နေပူပူက ပြန်လာပြီ ရေခဲသေတ္တာထဲက ရေသန့်အေးအေး ယူသောက်မိသူ တစ်ဦး၏ ကြေကွဲဖွယ် သတင်းကို ကြားခဲ့ရသည်မှာ ဘာမှမကြာသေးပါ။ သူမတို့အိမ်မှာ ရေခဲသေတ္တာရှိမနေတာ ဝမ်းသာစရာပင်။

ကျောင်းသွားတိုင်း ဘတ်စ်ကားခမလွဲ၍ ပိုက်ဆံအပိုထည့်မသွားနိုင်ခြင်းက ဝမ်းသာစရာပင်။ အတန်းအပြီး မိုလ်ချုပ်ဈေး သွားလို သွား၊ ဂမုန်းပွင့်၊ ယုဇန သွားလို သွားနှင့်

အသစ်အဆန်းများ ငေး၊ မေး၊ လျှောက် ဝယ်လုပ်တတ်သည့် သူငယ်ချင်းများ နောက်သို့ မလိုက်ဖြစ်တော့ဘဲ အိမ်ကို တန်းပြန်လာရသည့်အခါ ဝရန်တာထွက်၍ သူမ ပြန်အလာကို စောင့်မျှော်နေရသော မေမေ၏ သော ကအချိန်များ လျော့နည်း သွားပါသည်။

ကုမ္ပဏီပိုင်ရှင်သူဌေးက ဖေဖေ့ကို တစ်ချိန်လုံး Hand phone ပေးမထားတာ ဝမ်းသာစရာပင်။ ဖေဖေ၏ နားနေချိန် အလုံးစုံကို သူမနှင့် မေမေ အပြည့်အဝ ခံစားပိုင်ခွင့်ရှိသည်။ Hand phone တစ်လုံးကိုင်၍ လုပ်ငန်းခွင် ကိစ္စရပ်များ နှင့် သာ ထိတွေ့ဆက်ဆံနေရပြီး မိသားစုနှင့် ကျတော့ အတူရှိပါလျက် အဆက်အသွယ်ပြတ်တောက်နေရခြင်းမျိုး ကြုံမလာနိုင် တော့။ ညနေစာများ ကို မိသားစုနှင့် အတူ အနှောင့်အယှက်ကင်းကင်း ဝိုင်းဖွဲ့စားသောက်နိုင်သလို ညနေခင်းသတင်းနှင့် တီဗီအစီအစဉ်များ ကို စိတ်အေးလက်အေး ဝိုင်းဖွဲ့ထိုင်ကြည့်နိုင်သည်။

မေမေက မနက် အကျန်ဟင်းများ ကိုသာ ပြန်နွေးပြင်ဆင်ကျွေးမွေးတာမျိုး မလုပ်ဘဲ ညနေစာကို ဖွယ်ဖွယ်ရာရာ ဖြစ်အောင် အသစ်ထပ်မံ ချက်ပြုတ်ကျွေးမွေး တတ်ခြင်းသည် ဝမ်းသာစရာပင်။ ဖေဖေသည် မေမေချက်သော ညနေစာပူပူနွေးနွေးကို ခံတွင်း တွေ့ မက်မောသည့် အခါ မိတ်ဆွေများ နှင့် ညစာလိုက်စားရန် ကိစ္စများ ကို ငြင်းဆန်ရှောင်လွှဲပြီး အိမ်သို့ စောစောပြန်လာတတ်ပါသည်။ ထိုအခါ ဖျော်ဖြေရေး အစီအစဉ်တွေ များ လှသော စားသောက်ဆိုင် များ အသွားများ ရာကနေ ကပ်ငြိပါလာတတ်သည့် မလိုလားအပ်သည့် လူမှု ရေး အရှုပ် အထွေးများ သူမတို့ မိသားစုအတွင်း ဘယ်သော အခါမှ ကြုံမလာနိုင်တော့ပါ။

သည်းခံခွင့်လွှတ်စိတ် ခေါင်းပါးပြီး ဆွေစဉ်မျိုး ဆက် ကလဲ့စားချေမဆုံးသော တရုတ်သိုင်းကားများ ကို ညစဉ် ကြည့်နေနိုင်တာ ဝမ်းသာစရာပင်။ တီဗီရှေ့ ငြီးငွေ့ခြင်း အလျဉ်းမရှိတော့ပါ။

နေ့ထဲမှာ လူတွေ နိုးထအလုပ်လုပ်ကြရပြီး ညထဲမှာ လူတွေ အိပ်စက်အနားယူကြ သည်။နေ့နှင့် ည ကွဲပြားခြားနားလျက်ရှိနေခြင်းသည် ဝမ်းသာစရာပင်။ သဘာဝလောကကြီးသည် သူမတို့ လူသားတွေ နှင့် သဟဇာတရှိလိမ့်မည် မဟုတ်တော့ပါ။

နှိုးစက်နာရီလေး Alarm ပေးရဦးမည် ။

ဒီနာရီလေး ရှိနေတာ ဝမ်းသာစရာပင်။ အကယ်၍ ဒီနာရီလေး သူမမှာ ရှိမနေခဲ့လျှင်ရော။

ကိစ္စမရှိ. . .။ ငှက်ကလေးတေါက ကျလိကျလိ အသံ ညံ့စီလျက် နံနက်ခင်းတွေးသံသာများ ဖြင့် သူမကို နှိုး ပါလိမ့်မည် ။

ဖက်ရှင် ၂၀၀၁-ဒီဇင်ဘာ

*

# လက်ဖက်ရည်ဆိုင်ကလေးများ



# လက်ဖက်ရည် ဆိုင်ကလေးများ

ကျွန်မ၏ မေမေသည် အဆင့်အတန်းမြင့်မြင့် စည်းကမ်းရှိရှိ ဂုဏ်သိက္ခာကို တန်ဖိုးထားသော မိသားစု အသိုက်အဝန်းမှ ပေါက်ဖွားလာသူ ဖြစ်ပြီး လမ်းဘေးဆိုင်လေးများ ဥပမာ အသုပ်၊ မုန့်ဟင်းခါးဆိုင်၊ အကြော်ဆိုင်၊ လက်ဖက်ရည်ဆိုင်စသည့်ဖြင့် အမြင်အားဖြင့် သေးနုပ်သည့် ဆိုင်ကလေးများ ၏ ဝင်ထိုင်စားသောက်ရန်အင်မတန် ဝန်လေးခါးသီးသူပဲ ဖြစ်သည်။ ဖေဖေ ကတော့ မေမေနှင့် ဆန့်ကျင်စွာ ထိုဆိုင်ကလေးများ ၏ ဝင်ထိုင်ရန် ဘယ်တော့မှ ဝန်လေးခြင်း မရှိပါ။

လမ်းဘေးဆိုင်ကလေးများ အနက် ဖေဖေသည် လက်ဖက်ရည်ဆိုင်လေးများ ကို ယောက်ျားပီပီ နှစ် ခြိုက် သဘောကျသူ တစ်ဦး ဖြစ်၏ ။ ကျွန်မသည် မိန်းကလေးတန်မဲ့ အဖေတူသမီး ပီသစွာ လက်ဖက်ရည်ဆိုင်လေးများ ကို နှစ် ခြိုက်စွာ စိတ်ဝင်တစား ရှိခဲ့ခြင်းမှာ တကယ်တော့ ထိုကိစ္စများ ကို များ စွာ တအံ့တသြရှိခဲ့ပါသည်။

မေမေသည် ဖေဖေ့အကြိုက် လက်ဖက်ရည်ကို အကောင်းဆုံး ကြိုး စား၍ ဖျော်ပေးဖူးသော်လည်း အိမ်က လက်ဖက်ရည်ကို ဖေဖေ ဘယ်တုန်းကမှ မကြိုက်ခဲ့ပါ။ ဆိုင်မှာ ထိုင်၍ သောက်ရသော လက်ဖက်ရည်ကိုသာ ဖေဖေ ခံတွင် းတွေ့လှကြောင်း ကောင်းကောင်း သိသွားချိန်မှာ မေမေသည် အိမ်၌ လက်ဖက်ရည်ဖျော်ရန် စိတ်ကူးမရှိတော့ကြောင်း မေမေ့ပြောပြချက်အရ ကျွန်မ သိခဲ့ရသည်။ ဆယ့်နှစ် နှစ် အရွယ် ကျွန်မ အစ်မကြီးကို ဖေဖေ လက်ဖက်ရည်ဆိုင်သို့ ပထမဆုံး ခေါ်သွားစဉ်က သမီးမိန်းကလေးကို လမ်းဘေး လက်ဖက်ရည်ဆိုင် ခေါ်သွားရ ကောင်းလားဟု မေမေ အကြီးအကျယ်စိတ်ဆိုးပြီး အစ်မကြီးကို ဖေဖေနှင့် လက်ဖက်ရည်ဆိုင်လိုက် မသွားရန် ပြင်းထန်စွာ တားမြစ်ပိတ်ပင်ခဲ့ ကြောင်းကိုလည်း ကျွန်မ သိရပါသည်။

သို့သော် နောက်ထပ်သားသမီးများ ည မွေးဖွားလာခဲ့ပြီးနောက် ကျွန်မတို့ အရွယ်ရောက်ချိန်မှာ တော့ ထိုကိစ္စကို မေမေ တားမြစ်ပိတ်ပင်၍ မရတော့ပါ။ မိန်းကလေးများ လက်ဖက်ရည်ဆိုင်ထိုင်ခြင်းကိစ္စသည် တားမြစ်ရမည့် အဆန်းတကြယ် ကိစ္စတစ်ရပ် မဟုတ်ကြောင်းကို ပြောင်းလဲတိုးတက်လာသည့် ခေတ်ရေစီးကြောင်းအရ မေမေ သည် ရှောင်လွှဲမရ လက်ခံလာရပါတော့သည်။

*

ကျွန်မတို့ မြို့ကလေးသည် ခပ်ကျဉ်းကျဉ်းပင် ဖြစ်သော်လည်း ဆိုက်ကား၊ မြင်းလှည်း၊ စက်ဘီး၊ ဆိုင်ကယ်များ ဖြင့် စည်ကားသက်ဝင်လျက် ရှိသည်။ မြို့လေးသည် ရန်ကုန်- မန္တလေး အလယ်တည်ရှိသဖြင့် မြို့တော်ကြီးများ ဆီက အငွေ့အသက်များ ဖြင့် မှုတစွာ လွှမ်းခြုံလျက် ခေတ်မီလှပပြီး နေချင်စဖွယ် ကောင်းပါသည်။

ကြည်လဲ့လဲ့ ကန်ရေပြင်ကို ငေးမောရင်း ရှမ်းကန်တစ်ဝိုက် စက်ဘီးစီးထွက်သည့်အခါ မန္တလေး ကျုံး ပတ်လမ်းဆီ ရောက်နေသလိုလို၊ လျှပ်စစ်မီးရောင် စုံ တဖျပ်ဖျပ် လင်းလက်တောက်ပနေသည့် ဆိုင်တန်းများ ၊ စတိုးဆိုင်များ အစီအရီရှိရာ ညဈေးတန်း ပလက်ဖောင်းပေါ် ခြေချမိပြန်တော့ ရန်ကုန်မြို့ တရုတ်တန်းကို ရောက်နေသလို ထိုခံစားမှု မျိုး ကို မြို့လေးက မှုတညီညွတ်စွာ ပေးနေပါသည်။

သို့သော် ဆိုင်ကယ်၊ စက်ဘီးတွေ ၊ မီနီစူပါမားကတ်တွေ စားသောက်ဆိုင်တွေ ဘယ်လောက်ပဲ စည်ကား ကျွန်မ၏ အာရုံကို တကယ်တမ်း အပြည့်အဝ ဖမ်းစားနိုင်စွမ်းရှိသည်က ခွေးခြေခုံပုလေးတွေ ဖရိုဖရဲ ခင်းကျင်းထား သည့် လက်ဖက်ရည်ဆိုင်လေးများ ပဲ ဖြစ်သည်။

'ဒီသားအဖ လက်ဖက်ရည်တွေ သောက်သောက်လာပြီး အိပ်လို့မပျော်ဘဲ နေမယ်'ဟု မေမေက စိုးရိမ်တကြီးဖြင့် အစပိုင်းမှာ မြည် တွန်တောက်တီးဖူးသော်လည်း ဘယ်လောက် ညဉ့်နက်နက် ဘယ်လောက်ပဲ ထွက်သောက်သောက် ပြန်လာသည်နှင့် အိပ်မောကျတတ်သော ကျွန်မကို မေမေသည် တအံ့တသြ ကြည့်လျက် အိပ်မပျော် ဖြစ်တတ်။

ရင်တုန်တတ်သည်ဟု တရားသေမှတ်ထားသော မေမေ့သီအိုရီတစ်ခုသည် ကျွန်မနှင့် ကျမှာ လွဲမှား သွားတော့သည်။ လက်ဖက်ရည်ကြောင့် အိပ်၍ အပျော်ခြင်းများ ကျွန်မ မ ဖြစ်ဖူးခဲ့ပါ။

ငယ်စဉ်ကတည်းက အကျင့် ဖြစ်ခဲ့၍ လားမသိ။ တဖြည်းဖြည်းနှင့် ကျွန်မသည် လက်ဖက်ရည်ခါးခါးများ ကို စွဲမက်လာတော့သည်။ လူကြီး တစ်ယောက် ကို လက်ဆွဲ၍ လက်ဖက်ရည်ဆိုင် ထဲဝင်လာသော ဆယ့်နှစ် နှစ်အရွယ် ချာတိတ်မလေး တစ်ယောက် က ခုံမှာ ဝင်ထိုင်ပြီး 'ကျွန်မအတွက် ပေါ့ကျတစ်ခွက်'ဟု ခပ်တည်တည် မှာ သည့်ကို စားပွဲထိုးက နားကြားလွဲလေသလား အတွေး ဖြင့် ကြောင်စီစီ ဖြစ်ခဲ့ဖူးသည်။ ထို့နောက် ခပ်ကျကျ လက်ဖက်ရည်ကို ကလေးမက တရှိုက်မက်မက်သောက်နေသည်ကို မြင်သော် စားပွဲထိုးသည် ပါးစပ်ဟောင်းလောင်းနှင့် အံ့အားသင့် သွားဖူးသည်။ ဖေဖေ ကတော့ သူကြိုက်သလို လက်ဖက်ရည်ကြိုက်တတ်လာသည့် သမီးအတွက် ကြံဖန်၍ ဂုဏ်ယူမြဲ ဖြစ်သည်။

*

ဒီအချိန်မှာ တော့ ကျောင်းတစ်ဖက်နှင့် မို့ ကျောင်းပိတ်ရက်ရှည်များ ပါသာ မြို့ ကလေးသို့ ပြန်၍ ဖေဖေနှင့် လက်ဖက်ရည်ဆိုင်ထိုင်ခွင့်ရပါသည်။ ကျွန်မတို့မြို့ လေးသည် အနည်းငယ်ပြောင်းလဲစပြုပြီ။ ဖေဖေသည် လက်ဖက် ရည်ဆိုင်တစ်ဆိုင်တည်းကို အတွင်ကြီးစွာ တွယ်ဖက်၍ သောက်လေ့ မရှိပါ။ အရသာအားဖြင့် တော့ ချိုခါး (သကြား) အရသာကို စွဲမက်တတ်သည်။ တစ်မြို့ လုံးအနှံ့ ဖွင့်သမျှလက်ဖက်ရည်ဆိုင်တိုင်းကို ဖေဖေ့ကျေးဇူးကြောင့် ကျွန်မ ရောက်ဖူးခဲ့သည်။ ငယ်စဉ် ကတော့ ကလေးပီပီ ဖေဖေမောင်းသည့် ဆိုင်ကယ်အနောက်မှာ ခွထိုင်၊ ဖေဖေ့ခါးကို အတင်းဖက်တွယ် လမ်းဘေးဝဲယာ ငေးမောလိုက်ပါလျက် အရွယ်ကလေးရလာတော့ ဖေဖေ့ ဆိုက်ကယ်နောက်မှာ ဏ္ဍန္ဓေရရ ခြေနှစ် ချောင်းတွဲ လွဲချထိုင် လိုက်ပါရင်း ကျွန်မနှင့် ဖေဖေ လက်ဖက်ရည်သွားသောက်လေ့ ရှိသည်။

မိတ်ဆွေများ နှင့် တွေ့တိုင်း ဒီသမီးပေါ့ ကျွန်တော့လို လက်ဖက်ရည်ကြို က်တာဟူ၍ ဂုဏ်ယူဝင့်ကြွားသလို ကျွန်မကလည်း ဖခင် တစ်ယောက် နှင့် အတူရင်းနီးစွာ

လက်ဖက်ရည်ဆိုင် ထိုင်ခွင့်ရခြင်း များ စွာ ဂုဏ်ယူမိသေးသည်။ နားလည်မှု ခေါင်းပါးသော၊ အမြင်ကျဉ်းမြောင်းသော လူတချို့ ကတော့ ကျွန်မတို့ သားအဖကို မျက်စိနောက် ပါလိမ့်မည် ။

လက်ဖက်ရည်သောက်ရင်း ဖေဖေပြောသည့် စကားများ ထဲ မှာတစ်ခါတစ်ရံ မေမေ့အကြောင်းလည်း ပါတတ်သည်။ အိမ်ထောင်စုတစ်ခုတွင် ဖြစ်လေ့ ဖြစ်ထရှိသည့် အသေးအဖွဲ စိတ်အခန့်မသင့်မှု လေးများ ကို ဖေဖေသည် မေမေ့အရှေ့မှာ မကျေနပ်မှု တစ်စုံတစ်ရာမပြဘဲ အပြင်ထွက် လက်ဖက်ရည်ဆိုင်ထိုင်ကာ ကျွန်မရှေ့၌ လက်ဖက်ရည်တစ်ခွက်ကုန်သည့်အခါ ဖေဖေသည် ပေါ့ပါးလန်းဆန်းလျက် စောစောက စကားလုံးတို့ကို အပြီးတိုင်မေ့လျော့သွားပြီးပဲ ဖြစ်ပါသည်။

*

လက်ဖက်ရည်ဆိုင်လေးများ သည် စိတ်အခန့်မသင့်မှု တို့ကို ဖြေဖျောက်ပေးရာ နေရာလေးများ လည်း ဖြစ်သည်ဟု ကျွန်မယုံကြည်မိသည်။

သည်ဆိုင်ကလေးများ ထဲမှာ ရင်ဖွင့်စရာ၊ ဖလှယ်စရာ၊ ကြည်နူးစရာ၊ ဝေမျှစရာ၊ နားလည်စရာ တွေ းတောစရာ၊ ကြံစည်စရာ၊ အားထုတ်စရာ၊ စရာ. . .စရာပေါင်းများ စွာ တို့ ပြန့်ကျဲနေလိမ့်မည် ဟု ကျွန်မ ထင်မိသည်။

ငယ်ငယ်က လက်ဖက်ရည်သောက်ရင်း မုန့်တစ်ခုစားတတ်သော ကျွန်မသည် အနည်းငယ်ကြီးပြင်း လာ သည့်အခါ လက်ဖက်ရည်သောက်ရင် ဆိုင်က ထားသည့် သီချင်းများ ကို နားစွင့်ခံစားတတ် လာသည်။ ယခုအခါမှာ တော့ မုန့်များ သီချင်းများ ထက် ကပ်လျက်စားပွဲဆီက ပေါက်ကွဲလွင့်စဉ်လာသည့် အသံတချို့ ၊ စီးပွားရေး ၊ လူမှု ရေး အသပြာ ပိုက်ဆံ ငွေကြေး၊ ရာသီဥတုအခြေအနေ တစ်နေ့တစ်နေ့ မရိုးနိုင်သော အကြောင်းအရာများ စသည်တို့ကို လက်ဖက်ရည်သောက်ရင်း အာရုံစိုက်မိလာတတ်ခဲ့ပြီ။ စားပွဲပေါ်မှ မုန့်များ သည် လည်းကောင်း၊ ကက်ဆက်ထဲမှ သီချင်းသံတို့သည်လည်းကောင်း၊ ကျွန်မအာရုံကို ဘယ်လိုမှ မဆွဲဆောင်နိုင် တော့ပါ။ ပတ်ဝန်းကျင်မှ ရိုက်ခတ်လာ သည့် နိစ္စဓူဝ အသံလှိုင်းများ ကြားမှာကျွန်မ လူသားဆန်စွာ နစ်မြုပ်ခဲ့ရသည်။ သည်အချိန်မှာ ကျွန်မ ကလေးမ တစ်ယောက်

မဟုတ် တက္ကသိုလ်ကျောင်းသူ တစ်ယောက် မဟုတ်တော့ပါ။ လုပ်ငန်းခွင်ဝင်နေသူ ဖြစ်သည့် မိန်းမ တစ်ယောက် အ ဖြစ် ရင့်ကျက်ခဲ့ပြီ ဖြစ်သည်။

အဆောင်အယောင် အမိုးအကာမဲ့သော လမ်းဘေးဆိုင်လေးများ ၏ အရိပ်ပ်ုလူသည် ဟန်ဆောင်၊ ချုပ်တည်းရန် မကြိုး စားနိုင်တော့ပါ။ 'ပွင့်လင်းစွာ စကားဆိုကြပါ' ဟူ၍ သည်လက်ဖက်ရည်ဆိုက်ကလေးများ က နိမ့်ချစွာ ကြည့်လျက် တောင်းပန်နေသည်ဟု ကျွန်မ ထင်မြင်ယူဆမိသည့်အတိုင်း ဆိုင်လေးများ ထဲ ခြေချသည်နှင့် ကျွန်မ၏ စိတ်နှလုံးသည် လွတ်လပ်ပွင့်လင်းရန် အသင့် ဖြစ်နေတတ်သည်။

လက်ဖက်ရည်တစ်ခွက်သောက်ရင်းမှ ရရှိလိုက်သည့် အသိအမြင် ဗဟုသုတတို့သည် အစစ်အမှန်များ ဖြစ်ပြီး ကျွန်မအတွက် တန်ဖိုးဖြတ်မရပါ။ ထိုအခါ ၅၀ ကျပ်သည် သင့်တင့်မျှတသော အဖိုးအခ ဖြစ်သွားပြီး ကျွန်မ ဘယ်တုန်းကမှ နမြောတွန့်တိုခြင်းမရှိတော့ပါ။ နှုန်းထားချင်းအတူတူ ဗီဒီယိုအခွေတစ်ခွေဖြင့် အိမ်ထဲမှာ အချိန်ဖြုန်း မလား။ အိမ့်အပြင်ထွက် လက်ဖက်ရည်သောက်မလားဆိုလာခဲ့လျှင် ကျွန်မ ကတော့ လက်ဖက်ရည် တစ်ခွက်ကိုသာ ပေါ့ပေါ့ပါးပါး ရွေးချယ်လိုက်မည် မှာ အမှန်ပင်။

*


မြို့ လေးသည် လွန်ခဲ့သော နှစ် များ နှင့် မတူတော့ပါ။ အပြောင်းအလဲများ ကြားပ် အသစ်အသစ်သော လက်ဖက်ရည်ဆိုင်ကလေးများ ပို၍ များ လာခဲ့ပြီ။

သည်လောက် လက်ဖက်ရည်ဆိုင်ထိုင် ဖြစ်သည့် ဖေဖေနှင့် ကျွန်မပင် လိုက်မမီတော့ပါ။

ဘာပဲ ဖြစ် ဖြစ် ခွေးခြေခုံ ပုပုလေးများ ဖရိုဖရဲနှင့် လမ်းဘေးလက်ဖက်ရည်ဆိုင် ကလေးများ အားလုံးသည် ကျွန်မဘဝအတွက် ထာဝရအဖော်များ ပဲ ဖြစ်သည်။

သပြေ၊ ၂၀၀၁-ဇန်နဝါရီ

*



# တနင်္ဂနွေ တံခါးချပ်များ

# တနင်္ဂနွေ တံခါးချပ်များ

ဥတုသုံးပါးဒဏ်ကို နေ့ဆက်ရက်ဆက် ခါးစည်းခံနေရပြီး ကိုယ်ထည်ပေါ်မှာ ဆေးအပြာရောင် သုတ်လိမ်းထားတဲ့ ကျွန်တော် ဟာ တံခါးတစ်ချပ် ဖြစ်တယ်။ အပြာရောင် ကိုယ်ထည်နဲ့ လိုက်ဖက်စွာ ကျွန်တော် ဟာ တည်ကြည် ခံ့ညားပြီး ရင်ကျက်တဲ့ အသွင်ကို အမြဲဆောင်တယ်။ ကျွန်တော့် ကိုယ်ကျွန်တော် ရင်ကျက်တယ်လို့ ဒီလိုခိုင်ခိုင်မာမာ ပြောနိုင်ရခြင်းက ကျွန်တော် ဟာ နိစ္စဓူဝ ဖြတ်သန်းရသမျှ အရာခပ်သိမ်းအပေါ် တကယ့်ကို သည်းခံနိုင်တဲ့ ပါရမီထူး နဲ့ ပြည့်ဝလို့ပါပဲ။ ဒီနေရာမှာ ကျွန်တော် ကြုံတွေ ဖြတ်သန်းရတယ်ဆိုပေမဲ့ တကယ်တမ်းကျတော့ ကျွန်တော့်က ကျွန်တော့်နေရာမှာ သာ ပိတ်ချည်ဖွင့်ချည်လုပ်နေရပြီး လူတွေ သာ ကျွန်တော့် ကို ဖြတ်သန်းဝင်ထွက် သွားကြတာ ဖြစ်ပါတယ်။

ကျွန်တော် ဟာ အိမ်တစ်လုံး၊ ဟိုတယ်တစ်လုံးရဲ့ ပြတင်းပေါက်တစ်ချပ် မဟုတ်ဘူး။ အဲဒါတွေ ထက် ပိုပြီး ကြီးကျယ်မြင့်မြတ်ပါတယ်။ ဘုရားရှိခိုးကျောင်းဝင်း တစ်ခုလုံးကို စည်းတားကာရံထားတဲ့ ခြံစည်းရိုးတစ်ခုရဲ့ တံခါးချပ်တွေ ပါ။ ဘုရာရှိခိုးကျောင်းရဲ့ အနောက်မှာ ဘုန်းတော် ကြီးအိမ်နဲ့ မိုတင်းနေထိုင်ကြတဲ့ အိမ်တချို့ ရှိပါတယ်။ ကျွန်တော် ဟာ သူတို့အားလုံးကို မျက်ခြည်မပြတ် ကာကွယ်စောင့်ကြပ်ပေးနေရတဲ့ မြင့်မြတ်တဲ့ တံခါးတစ်ချပ် ဖြစ်တယ်။

ပြောရမယ်ဆိုရင် ကျွန်တော် ရဲ့ ဘဝတစ်ဆစ်တစ်ပိုင်း ချို့ ကွေ့ပြောင်းလဲခဲ့တာ သိပ်မကြားလှသေးပါဘူး။ ကျွန်တော် ဟာ အရင်တုန်း ကတော့ လွတ်လပ်စွာ ရပ်တည်နိုင်ခဲ့ပေမဲ့ စည်းမဲ့ကမ်းမဲ့ လူသားတွေ ကြောင့် အခုနောက် ပိုင်းလွတ်လပ်မှု မရရှိတော့ပါဘူး။ ဘုရားရှိခိုးကျောင်းလေးဟာ တောင်ကုန်းမို့မို့လေး တစ်ခုပေါ်မှာ ရှိပြီး

လွှမ်းမော ဖွယ်ကောင်းလို့နဲ့ တူပါရဲ့ ၊ ချစ်သူစုံတွဲ တွေ မျက်စိကျတဲ့ နေရာလေးတစ်ခု ဖြစ်ခဲ့ဖူးတယ်။ တချို့ က ကားတွေ နဲ့၊ တချို့ က စက်ဘီးကိုယ်စီနဲ့၊ တချို့ က တူယှဉ်တွဲ လျှောက်လှမ်းရင်း ရာသီဥတုကြည်လင်တဲ့ ညနေခင်းတွေ မှာ ရောက်လာတတ်ကြတယ်။ သူတို့ဟာ ဘုရားကျောင်းရဲ့ အဝင်ဝလှေကား ထစ်တွေ မှာ ထိုင်ကြတယ်။ ရှေ့မြက်ခင်းပြင်မှာ ထိုင်ကြတယ်။ နေရာမရွေးပါပဲ။ တချို့ က ဘုရားကျောင်းဘေးမှာ ကားတွေ ရပ်ထားပြီး ကားတွေ ထဲက မဆင်းကြဘူး။ ချစ်သူစုံတွဲ တွေ အပန်းဖြေဖို့ လာကြတဲ့ ဥယျာဉ်ကြီးလို ဖြစ်နေခဲ့တာ ခံစားတတ်ရင် ကြည်နူး စရာပါ။ အာဒမ်နဲ့ ဧဝကို အားကျတဲ့ ဒီစုံတွဲ တွေ အတွက်တော့ ဒီဘုရားကျောင်းပရဝဏ်ဟာ သူတို့ မျက်စိထဲမှာ ကမ္ဘာဦးအစက ဧဒင်ဥယျာဉ်ကြီးလို မှတ်ထင်နေကြမှာ ပေါ့။

ခိုက်တာက သတို့ဟာ ဘယ်သူမှာ ရိုးရိုးသားသားထိုင်မနေကြဘူး။ နောက်ပြီးတော့လည်း မိုးစုပ်စုပ်ချုပ်နေ တာတောင် မပြန်နိုင်ကြဘဲ မှော င်ရိပ်ခိုချင်ကြတုန်း၊ သန့်ရှင်းတဲ့နယ်မြေနဲ့ မလိုက်စွာ မဖွယ်မရာတွေ ပြုကျင့်လာကြတာ ခပ်လှမ်းလှမ်းကနေ ကျွန်တော် မြင်တွေ့ရ တတ်တယ်။ ကျွန်တောမြင်သလို ဘုန်းတော် ကြီးလည်း ကောင်းကောင်း မြင်တွေ့သွားဟန်တူရဲ့ ။ မကြာခင်မှာ ပဲ လူတော် စိတ်ထင်တိုင်း အဝင်အထွက်မပြုနိုင်အောင် ဘုရား ကျောင်းသွားရာ မြေနီလမ်းကလေးပေါ်က တံခါးတစ်ချပ်ကို နေ့ရော ညပါ သော့ ခတ်ထားလိုက်ဖို့ ဘုန်းတော် ကြီးက ပညတ်ခဲ့ပါတယ်။ အဲဒီ ကတည်းက စပြီး ကျွန်တော် ဟာ ရင်နှစ် ခြမ်းကို တင်းတင်းစေ့လို့ ရှုတည်တည်နဲ့ စောင့်ကြပ် နေခဲ့ရတာ ဒီနေ့အထိပါပဲ။ အရင်ကလို ကဒီးကဒီးဝင်ခွင့် မရတော့တဲ့ စုံတွဲ တွေ ဟာ ကျွန်တော် ရဲ့ တစ်ဖက် လမ်းဘေး သစ်ပင်ရိပ်အောက် ကားထိုးရပ်ရင်း တချို့ က လူနေအိမ်အဝင်ဝရဲ့ တစ်ဖက်တစ်ချက်မှာ ရှိတဲ့ အုတ်ခုံကလေး တွေ မှာ လာထိုင်ရင်း ချစ်တင်းနှီးနှောကြတဲ့အခါ ကျွန်တော့် ကို မျက်စောင်းတထိုးထိုးနဲ့ ကြည့်တတ်ကြတယ်။ သူတို့ အမြင် ကျွန်တော် ဟာ လူကြမ်းကြီးပေါ့။ တကယ်တော့ ကျွန်တော် ဟာ တံခါးတစ်ချပ်မျှသာ ဖြစ်တယ်။

ဘုရားကျောင်းလာတတ်မယ့်သူတွေ အတွက် ရည်ရွယ်ပြီး တနင်္ဂနွေနေ့ရပ်တွေ

တိုင်းမျှာ မနက် ၆ နာရီအထိ ကျွန်တော့်ကို ဟင်းလင်းဖွင့်ထားပေးပါတယ်။ တနင်္ဂနွေမဟုတ်တဲ့ တခြားရက်တွေ မှာ တော့ ကျွန်တော့် ကိုယ်ထည် ဟာ တင်းတင်းစေ့လို့၊ ခိုင်မြဲသည့်ထက် ခိုင်မြဲအောင် သံကြိုး တစ်ချောင်းနဲ့ အထပ်ထပ်ရစ်ပတ်၊ သော့ ခလောက်ကြီး ကြီးတစ်ခုနဲ့ပါ ချိတ်ခတ်လို့ ကျွန်တော် ဟာ မလှုပ်မယှက်ငြိမ်နေရတယ်။ ကျင့်သားမရသေးတော့ အသက်ရှူ ရတာ တောင် မဝတဲ့အထိ မွန်းကျပ်သလို ခံစားလိုက်ရတာ အပြောပါနဲ့ တော့ဗျာ။ အမှန်ဆိုရင် ဒီအနေအထားကို ကျွန်တော် လုံးဝမကြိုက်ဘူး။ တကယ်ဆို ကျွန်တော် ဟာ ထွက်သက်ဝင်သက် မျှတစွာ ရှူရှိုက်ပြီး ရင်နှစ် ခြမ်း ဖြန်းဖြန်းကွဲတဲ့အထိ ရင်ခွင်တံခါး ဟင်းလင်းဖွင့်ပြီး လူတွေ ကို နေ့စဉ်နေ့တိုင်း ကြိုဆိုဖိတ်ခေါ်ချင်တဲ့သူပါ။ ခတ်တာ က ဘဝထဲမှာ အဲဒီ လို ကျွန်တော့် စိတ်တိုင်းကျ နေထိုင်ရှင်သန်သွားဖို့ရာ ကျွန်တော့် မှာ ရွေးချယ်ပိုင်ခွင့် မရှိဘူး။ ကျွန်တော် ဟာ တံခါးတစ်ချပ်သာ ဖြစ်တယ်။

တံခါးချပ် ဘဝလမ်းကြောင်းထဲမှာ နေသားကျနေပြီး ဖြစ်တဲ့ ကျွန်တော် ဟာ ကျွန်တော် ကို လိုလားသည် ဖြစ်စေ၊ မလိုလားသည် ဖြစ်စေ၊ ကျွန်တော့် ကို ဖြတ်သန်းသွားသမျှ လူတိုင်းအပေါ် မျှဉ်းတစ်ပြေးတည်းပဲ ဆက်ဆံပါတယ်။ ဘယ်တော့မှ ကောက်ကွေ့ဖို့ မစဉ်းစားမိဘူး။ အရင်က စည်းမရှိ ကမ်းမရှိ ဝင်ထွက်နေကျ လူ တချို့ ဟာ အရင်ကနဲ့ အတူဘဲ ပုံစံပြောင်းနေတဲ့ (သော့ ခတ်ထားတဲ့) ကျွန်တော့် ကို မြင်တဲ့အခါ ဒေါသူစိတ်နဲ့ ခြေထိုးကန် ကျောက်ပြီးမှ ကျွန်တော့် ကို ကျော်လွှားသွားကြတယ်။ ရိုင်းပျတဲ့ အပြုအမူ ကြောင့် အခိုက် အတန့်အားဖြင့် ရုတ်တရက်ဒေါသထွက်မိတာ ဖြစ်မှာ ပါလို့ ကျွန်တော် နားလည်ပေးပါတယ်။ သူတို့ဖြတ်သန်းရမယ့် ခရီးစဉ်တစ်ခုနှောင့်နှေးသွားတာကြောင့် ရုတ်တရက်ဒေါသထွက်တာ ဖြစ်မှာ ပါလို့ ကျွန်တော် နားလည်ပေးပါတယ်။ သူတို့ရဲ့ ကန်ကျောက်မှု နဲ့ ပတ်သက်ပြီး ကျွန်တော် သံထည်ကိုယ်ခန္ဓာက နာကျင်ခံစားရမှာ မစိုးရိမ်ရပေမဲ့ သူတို့ရဲ့ ခြေထောက်တွေ မတော် တဆထိခိုက်နာကျင်မှာ ကိုသာ ကျွန်တော် တွေးပူမိပါသေးတယ်။ ဒီဝင်းထဲမှာ နေကြတဲ့ ကလေးတချို့ ဟာလည်း ကျွန်တော့် ကို ရံဖန်ရံခါကျော်လွှားသွားတတ်ကြပါသေးတယ်။ အပြင်ထွက်ချင်တဲ့အချိန်မျိုး မှာ သူတို့ဟာ ခြံစောင့်ကြီးဆီက သော့ ကို ဘယ်သူမှ တကူးတက

တောင်းမနေကြဘူး။ အဲဒါဆိုးပါတယ်။

ဒါပေမဲ့လည်း ကလေးတွေ နဲ့ လူငယ်တွေ ဆိုတာက စိတ်မြန်လက်မြန်သမားတွေ ဖြစ်ပြီး လွယ်နေတာကို ခတ်အောင် ရှာဖွေလုပ်ရင်း ကိုယ်စွမ်းကိုယ်စထုတ်ဖော်ပြသချင်သူတွေ ကိုး။ ကျွန်တော့် ကို ခက်ခက်ခဲခဲကျော်ခွဖြတ်သန်းရတာ ကိုပဲ သူတို့ဘာသာ အရာသာတွေ့ချင် တွေ့နေကြမှာ ။ အဲဒီ တော့လည်း ဒါကို အပြစ်တစ်ခုလို့ ပြောလို့ မရပြန်ဘူးပေါ့။ ခပ်ငယ်ငယ်ကလေးတွေ ကျွန်တော့် ကို ကျော်ခွတက်နေချိန်မှာ အတက်ရလွယ်အောင် ကျွန်တော့်ကိုယ်ထည်ကို ကျုံ့ ပြီး နိမ့်အောင် နှိမ့်ချပေးနိုင်ဖို့ ကျွန်တော် အားတက်သရော ကြိုး စားမိပါသေးတယ်။ မရပါဘူး။ ကျွန်တော့် ကိုယ်ထည်ဟာ ဒီအတိုင်းက ဒီအတိုင်းပါပဲ။ နောက်ပြီးတော့လည်း သူတို့လေးတွေ ကျွန်တော့် ထိပ်ဖျားဆီ ရောက်ပြီဆိုရင်ဖြင့် ထိုးထိုးထောင်ထောင်ထွက်နေတဲ့ သံချွန်တွေ ကို ကြောင်လက်သည်းဝှက်သလို ခဏ တစ်ဖြုတ်လောက် ဝှက်ထားလို့ ရရင်ကောင်းမယ်လို့ တွေးနေမိတယ်။ မတော် တဆ သူတို့အသားတွေ သံချွန်နဲ့ ထိုးခြစ်မိသွားမှာ စိုးလွန်းလို့ပါ။ ကျွန်တော် မြင်ရသလောက် သူတို့ဟာ ကျွမ်းကျင်မှု ရှိနေကြတယ်။

ဒါပေမဲ့ ဒီလို ကျွမ်းကျင်မှု မျိုး ကို ကျွန်တော် ကတော့ အားမပေးချင်ဘူး။ ဘယ်လိုပဲ ဖြစ် ဖြစ် သော့ ခတ်ထားတဲ့ တံခါးပေါက်ကို ဖြတ်သန်းချင်ရင် သော့ဖွင့်ပြီး ဖြတ်သန်းတဲ့ သမာရိုးကျနည်းလမ်းကိုသာ သုံးသင့်တယ်လို့ ကျွန်တော် ထင်တယ်။ ထိုးဖောက်ထွက်ချင်တဲ့ သဘောမျိုး လားမသိ။ ကျွန်တော် ကတော့ တင်းကျပ်သည် ဖြစ်စေ၊ လျှော့ပေါ့သည် ဖြစ်စေ သင့်တော့် သလို ချမှတ်ထားတဲ့ ဘုန်းတော် ကြီးရဲ့ စည်းကမ်းအတိုင်း ကြီးပြင်းလာတဲ့ ကလေး တွေ ပဲ ဖြစ်စေချင်ပါတယ်။ နည်းမှန်လမ်းမှန်နဲ့ စနစ်တကျ ကြီးပြင်းလာတဲ့ ကလေးတွေ ပဲ ဖြစ်စေချင်တယ်။

ဘာပဲ ဖြစ် ဖြစ် နေ့ရက်တိုင်းကို တနင်္ဂနွေသာ ဖြစ်ချင်မိတဲ့ ကျွန်တော့် ဆန္ဒတွေ အလုံးအရင်းနဲ့ ကြီးထွားနေတုန်းပဲ။ ကျောင်းပျင်းတဲ့ ကလေးတွေ တစ်ပတ်တစ်ခါ တနင်္ဂနွေနေ့ကို စောင့်မျှော်ကြသလို ကျွန်တော် လည်း တနင်္ဂနွေနေ့ ရောက်ဖို့ကိုပါ

ရင်ခုန်မျှော်လင့်နေမိတယ်။ တနင်္ဂနွေရဲ့ အရုဏ်ဦးရောင် နီကို စောင့်ကြိုရတာ ကျွန်တော် အဖို့ ပျော်စရာ အလေ့အကျင့် တစ်ခုလို ဖြစ်ပြီး ကျွန်တော် ဟာ အဲဒီ အလေ့ အကျင့်အပေါ်မှာ ရင်ခုန်စွဲမက်နေပါသေးတယ်။ ၆ ရက်လုံးလုံး အနေရခက်စွာ ကြိတ်မှိတ်နေခဲ့ရတဲ့ တင်းကျပ်မှု အလုံးစုံကို ခွာချပြီး လွတ်လပ်ပျော်ရွှင်မှု ရဲ့ အရသာကို တင်းပြည့်ကျပ်ပြည့် ခံစားရမဲ့ အချိန်ကလေး ရောက်လာ တော့မှာ ဖြစ်လို့ပါပဲ။ စနေနေ့ တစ်ညလုံး ကျွန်တော် ဟာ စိတ်လှုပ်ရှားစွာ နဲ့ ယောက် ယက် ခတ်နေမိတယ်။ ဒါကို ဘယ်သူမှ မသိဘူး။ အများ အမြင်မှာ တော့ ကျွန်တော် ဟာ အတောင့်သား ငြိမ့်သက်တိတ်ဆိတ်လို့ပေါ့။

ကျွန်တော့်မှာ နာရီမရှိလို့ အချိန်ဆိုတာ အတိအကျ မသိပေမဲ့ ဟိုက ဒီက ခွေးအူသံတွေ ကို ဆွဲဆွဲငင်ငင်ကြားလိုက်ရတယ်ဆိုရင်ဖြင့် ဒါဟာ သန်းခေါင်ကျော်ပြီး တနင်္ဂနွေနေ့ထဲကို တစ်စတစ်စ ကူးပြောင်းလာနေတာပဲလို့ ကျွန်တော် တပ်အပ်သိလိုက်တယ်။ တဖြည်းဖြည်းနဲ့ အရှေ့ဆီက ရောင် နီတစ်စွန်းတစ်စ ထွက်ပေါ်လာတာနဲ့ တစ်ပြိုင်နက် ကျွန်တော် ဟာ တရှပ်ရှပ်နဲ့ တရွတ်တိုက်လှမ်းသာမှာ ဖြစ်တဲ့ ခြေသံတစ်စုံကို နားစွင့်နေမိတော့တာပါပဲ။ ကျွန်တော့် ကိုယ်ထည် ပေါ်က တင်းကျပ်နေတဲ့ သံကြိုး နဲ့ သော ခလောက်ကြီးကို လာဖွင့်ပေးမဲ့ သင်းအုပ်ဆရာအိမ်က ခြံစောင့်ကြီးကို ကျွန်တော် စောင့်မျှော်နေတာပါ။

နေမင်းရဲ့ ရှေ့ပြေးရောင် နီသာမက အရှေ့ဆိုမှာ နေလုံးကြီးရဲ့ ကိုယ်ထည်နီနီကြီး တခန့်တညား လှမ်းမြင် လိုက်ရချိန်၊ ဝန်းကျင်တစ်ခုလုံး ကားသံ၊ လူသံတွေ နဲ့ လှုပ်လှုပ်ရွရွ ဖြစ်လာကြတဲ့ အချိန်၊ ဒီအချိန်တွေ အထိ ခြံစောင့်ကြီးကို အပြစ်တင်ရင် ရင်တမမ ဖြစ်နေမိတယ်။ ဒီအချိန်မျိုး မှာ ဖြတ်သွားဖြတ်လာကလေးတွေ ပြောပြောနေတဲ့ Spider Men ဇာတ်ကားထဲက ပင့်ကူလာသားရောက်ပြီး ကျွန်တော့် ကိုယ်ထည်ပေါ်က အချုပ်အနှောင် တွေ ကို ချိုး ဖျက်ပေးနိုင်မယ်ဆိုရင် ဘယ်လောက်များ ကောင်းလိုက်လေမလဲလို့ တွေ းနေမိတယ်။

သော့ တစ်ချောင်းဟာ လူတစ်ဦးမဆိုထားနဲ့၊ ကျွန်တော့်လို တံခါးတစ်ချပ်ကိုတောင် သေချင်စော်နံ့တဲ့အထိ မွန်းကျပ်လှောင်ပိတ်စေတာ အမှန်ပါ။

ဒါပေမဲ့လည်း ဘုရားကျောင်းနဲ့အတူ ကျယ်ဝန်းလှတဲ့ ဟောဒီဝင်းခြံကြီးတစ်ခု လုံးကို စောင့်ကြပ်ကာရံထားတဲ့ ကျွန်တော့်လို ကြီးကျယ်မြင့်မြတ်တဲ့ တံခါးတွေ အတွက် သော့ တစ်စုံစာ လိုအပ်ပါတယ်။ မလိုအပ်ဘဲ ဟန်ရေး ပြနေတဲ့ သော့ တွေ ကလွဲရင် ကြီးကျယ်မြင့်မြတ်ပြီး ခမ်းနားတဲ့ နေရာထိုင်ခင်းတွေ အတွက် သော့ တွေ ခတ်ဖို့လို သေချာပါတယ်။ ဒါမှလည်း လုံခြုံစိတ်ချရတဲ့ အတွင်း သရုပ်ကို ဖော်ဆောင်နိုင်မှာ ကိုး။ တကယ်တော့ သော့ ခတ်ထားတိုင်းလည်း လုံခြုံစိတ်ချရပြီ မဆိုနိုင်ပါဘူး။ မိမိရဲ့ အတွင်း စိတ်က ဒုံးဒုံးချပြီး တကယ့်ကို စိတ်ချလက်ချထားနိုင်ပါမှ လုံခြုံမှု ကို ရမှာ ။ စစ်မှန်တဲ့ လုံခြုံမှု ကို ရဖို့ ချိတ်ခတ်ထားတဲ့ သော့ တွေ အပေါ် မှ မတည်ဘဲ မိမိနှလုံးသားက ဘယ်လောက်စိတ်ချမှု ရှိသလဲဆိုတဲ့ အတိုင်းအဆပေါ် မှ တည်တယ်ဆိုတာ လူတချို့ မသိကြသေး ဘူး။

ဒါတွေ ထားပါ။ အရေး ကြီးတာက ခြံစောင့်ကြီး မြန်မြန်လာဖို့၊ ခြေသံတရှပ်ရှပ်နဲ့အတူ ခြံစောင့်ကြီး ကျွန်တော့် ရှေ့လာရပ်တဲ့အခါ ကျွန်တော် ဟာ ဝမ်းသာအားရနဲ့ ရင်ကို ကော့ပေးမိတယ်။ သော့ ခလောက်တန်းလန်းနဲ့ သံကြိုး ကြီး ကျွန်တော့် ကိုယ်ပေါ်ကနေ လျှောကျသွားပြီး သူ့လက်ထဲ ပါသွားချိန်မှာ ကျွန်တော် ဟာလွတ်လပ်ပေါ့ပါးသွားပြီး ကျွန်တော့် ကိုယ်ပေါ် အလုအယက်တိုးဝင်ပျံ့နှံ့လာတဲ့ နံနက်ခင်းလေပြည်တွေ ကို အငမ်းမရ။ ပြီးတော့ တစ်ဝကြီးပဲ ရှူရှိုက်လိုက်မိတယ်။ ဘယ်ကမှန်းမသိ စီးမျောပါလာတဲ့ ပန်းရနံ့သင်းသင်းကြောင့် ကျွန်တော့်စိတ်တွေ လန်းဆန်းသွားတယ်။

အဲဒီ နောက် ကျွန်တော် ဟာ ဝတ်ပြုကိုးကွယ်ဖို့ ဘုရားကျောင်းဆီ တဖွဲဖွဲဝင်ရောင် လာသူ တွေ ကို တက်ကြွတဲ့ အသွင်နဲ့ ကြိုဆိုတယ်။ နံနက်၊ နေ့ခင်း၊ ညနေတစ်နေကုန် ဝတ်ပြုကိုးကွယ်ရာ အစီအစဉ်တွေ အပြည့်ရှိနေတာ ကြောင့် လူတွေ ဟာ တစ်သုတ်ပြီး တစ်သုတ် ကျွန်တော့်ကို ဖြတ်သန်းသွားကြတယ်။ ထုံးစံအတိုင်း လူတွေ ကဖြင့် ကျွန်တော့်ကို ငဲ့စောင်းလို့တောင် ကြည့်ဖော်မရပါဘူး။ ဘာပဲ ဖြစ် ဖြစ် ကျွန်တော့် ကို ဥဒဟို ဖြတ်သန်းသွားနေကြတဲ့ လူတွေ ကို လိုက်ကြည့်ပြီး ကျွန်တော် တကယ်ပဲ ပီတိ ဖြစ်ရပါတယ်။

အခုလို တနင်္ဂနွေနေ့ရောက်တိုင်း လူတွေ ဟာ ကျွန်တော့် ကို အခုလိုပဲအရင်ဆုံး ဖြတ်သန်းကြရပါတယ်။ ဘုရားကျောင်းလာကြတာချင်း တူပေမဲ့ ကျွန်တော့် ကို ဖြတ်သန်းကြပုံချင်း တော့ မတူပေဘူးပေါ့။ တချို့ က အလှူမင်္ဂလာဆောင်သွားတဲ့ ပုံစံအတိုင်း ပဝါစတွေ စုံချလို့ ဝတ်ကောင်းစားလှတွေ နဲ့၊ တချို့ က ထသွားထလာအဝတ် အစားတွေ နဲ့။ တချို့ ကား အကောင်းစားကြီးတွေ စီးလို့၊ တချို့ ကတော့ ခြေကျင်။ လူတွေ ဟာ အဆင်းသဏ္ဍာန် ရွေ့လျားမှု ပုံစံ ကွဲပြားစွာ နဲ့ ကျွန်တော့် ကို ဖြတ်သန်းသွားကြတယ်။ သူတို့ဖြတ်သန်းသွားချိန်မှာ တချို့ လူတွေ ဆီက ပြုံး ပြုံး ပြက်ပြက်အရောင် တချို့ က ကျွန်တော့် ကိုယ်ထည်ပေါ် လျှပ်စီးဖြာကျ သလို ဝင်းခနဲ လက်ခနဲ။ ကျွန်တော် ဖြင့် မျက်စိတောင်မှ ကျိန်းစပ်သွားတဲ့အထိပါပဲ။ တချို့ လူတွေ ကတော့ ခပ်မှိန်မှိန်သာ ဖြစ်တာမို့ သူတို့ဖြတ်သန်းအသွား ကို ကျွန်တော် ဖြင့် သိတောင်မှ မသိလိုက်ဘူး။

လူငယ်တချို့ ကတော့ အုပ်စုဖွဲ့ ခြေကျင် ဝင်လာကြတယ်။ သူတို့ဝတ်စား ထားပုံက ကျွန်တော့် မျက်စိထဲ တစ်စက်ကလေးမှ အချိုး မပြေဘူး။ ယောကျ်ားလေးတွေ ဟာ အင်္ကျီပွပွ၊ ညဘောင်းဘီပွပွ၊ ဆံပင်က နီကြောင်ကြောင် ထိပ်မှာ ထိုးထိုးထောင်ထောင်၊ ဖရိုဖရဲပုံစံနဲ့၊ မိန်းကလေးတွေ ကြည့်လိုက်ရင်လည်း ကော်ပတ်ရုပ် လို မျက်နှာ၊ ဆံပင်က မညီမညာ၊ အင်္ကျီက ချိုင်းပြတ်၊ ကျပ်လှတဲ့ စကပ်တွေ နဲ့၊ ခြေလှမ်းတိုင်း အနောက်ဘက်မှာ ခွဲထားတဲ့ စကဒ်ခွဲကြောင်း ဟပြဲသွားပုံက အတော် ကြီးကို အကြည့်ရဆိုးနေပြီး ဘာသဘောနဲ့များ ဒီလိုဝတ်စားဆင်ယင် ကြပါလိမ့်လို့ ကျွန်တော် မဆီမဆိုင်တွေ းပူနေမိတယ်။ သူတို့ ကတော့ အချင်းချင်း ဟေးလား ဟားလား တွန်းထိုးရယ်မောကြရင်း ဘာကိုမှ ဂရုမစိုက်တဲ့ ပုံစံနဲ့ ကျွန်တော့် ကို ဖြတ်သန်းသွားကြတယ်။

ဘာပဲ ဖြစ် ဖြစ် ကျွန်တော့် ဟာ ဒီလိုနေ့တနင်္ဂနွေနေ့တိုင်း ထူးထူးခြားခြားကို ပေါ့ပါးရွှင်မြူး နေပါတယ်။ ဘာကြောင့် ဆို လူတွေ ဟာ ဘယ်လိုပဲ အသွင်ကွဲပြားစေဦးတော့ လှလှပပ၊ ရယ်ရယ်မောမော၊ ပြုံး ပြုံးရွှင်ရွှင်မျက်နှာနဲ့ ကျွန်တော် ကို ဖြတ်သန်းသွားကြလို့ပါပဲ။ သူတို့ကိုကြည့်ပြီး ကျွန်တော် ဟာ ထိန်မနိုင်သိမ်းမရ မြူး ထူးနေမိတယ်။ ခုနေ ကျွန်တော့် မှာ သာ သမုဒ္ဒရာလောက် ကျယ်ပြန့်ပြီး၊ ရယ်မောနိုင်တဲ့

နှုတ်ခမ်းတစ်စုံသာ ရှိမယ်ဆိုရင် တစ်ကမ္ဘာ လုံးက လူတွေ ရဲ့ ရယ်သံအလုံးစုံဟာ ကျွန်တော့ရဲ့ ရှင်မြူး တဲ့ ရယ်မောသံအောက်မှာ လှေငယ်လေး တစ်စင်းလို စုပ်စုပ်မြုပ်သွားမှာ အသေအချာပါပဲ။

တခြားအချိန်တွေ မှာ လူတွေ ဘယ်လိုရှိမယ် ကျွန်တော် မခန့်မှန်းနိုင်ပေမဲ့ ခုလို ဘုရားကျောင်းလာတတ်တဲ့ အချိန်မျိုး မှာ တော့ သူတို့ကြည့်ရတာ ပျော်ရွှင်ကြည်နူးမှု ကိုယ်စီနဲ့ပါ။ ဒါနဲ့ပဲ တံခါးရွက်တွေ ကို အစွမ်းကုန်ကားဖွင့်ပြီး ဖြတ်သန်းသွားသမျှ လူတွေ ကို ကျွန်တော် ကြိုဆိုဖိတ်ခေါ်နေမိတယ်။ ဒါပေမယ့် ကျွန်တော့် ကို ဘယ်သူကမှ အရေး လုပ် ငဲ့စေင်းကြည့်ဖော်မရပါဘူး။ ကျွန်တော် ဟာ တံခါးတစ်ချပ်မျှသာ ဖြစ်တယ်။ ဒါကြောင့် ပါ။

အချိန်တစ်ခုရောက်တဲ့အခါ လူတွေ ပြည့်လျှံနေမှာ ဖြစ်တဲ့ ဘုရားကျောင်းလေးဟာ တိတ်ဆိတ်သွားပြီး သီချင်းသံသဲ့သဲ့ ကျွန်တော် ကြားတယ်။ အတန်ကြာ တိတ်ဆိတ်နေကြပြီး နောက်ထပ်သီချင်းသံတွေ ထွက်ပေါ်လာပြန်တယ်။ ကျွန်တော့် အနေနဲ့ ဒီသီချင်းသံတွေ ကို ပြီးဆုံးမသွားစေချင်ဘူး။ အမြဲတမ်း ကြားချင်နေမိတယ်။

ကျွန်တော့် ဆန္ဒ မပြည့်ဝပါဘူး။ တိတ်ဆိတ်သွားလိုက် သီချင်းသံတွေ ကြားလိုက်နဲ့ မကြာခင်မှာ ပဲ နောက်ဆုံး သီချင်းကို သီကျူး ကြပြီး လူတွေ တစ်သုတ်ပြီး တစ်သုတ်ထွက်လာ ကြပါတယ်။ သူတို့ဟာ အလာတုန်းကလိုပဲ ရယ်ရယ်မောမော မျက်နှာတွေ နဲ့ ကျွန်တော့်ကို ဖြတ်သန်း ထွက်ခွာသွားကြတယ်။ တစ်ပတ်လုံးလုံး ကျွန်တော် စောင့်စားရင်ခုန်နေရတဲ့ အချိန်လေး ကုန်ဆုံးလေပြီကောလို့ တွေ းမိတဲ့အခါ ကျွန်တော့် ရင်မှာ နှမြောတုန်လှုပ်ခြင်း ကြီးစွာ နဲ့ မမြဲတဲ့ သဘောတရားတွေ ကို နှလုံးသွင်းဆင်ခြင်နေမိတယ်။

ရောက်လုပြီ ရောက်လုပြီ ဒီအချိန်လေးကို မျှော်လင့်လိုက်ရတာ ရောလာပြီဆိုတော့လည်း တကယ့်ကို အခိုက်အတန့်ကလေးပါပဲလား။ ကျွန်တော့သဘောကျတဲ့ အချိန်ကလေးဟာ ကျွန်တော့အနားမှာ အမြဲရှိမနေဘူး။ ဒါကိုပဲ ကျွန်တော် ယူကြုံး မရသလို၊ ဝမ်းနည်းချင်မိသေးတယ်။

ခဏအကြာ နေဝင်တဲ့အခါ ဖြံစောင့်ကြီးရောက်လာပြီး ကျွန်တော့်ရင်နှစ် ခြမ်းကို တင်းတင်းစေ့ပြီး တုပ်နှောင် ပြန်ဦးတော့မယ်။ ကျွန်တော် ဟာ အခုက စလို့ နောက်ထပ် ၆ ရက်တိတိ သော့ ကွင်းတန်းလန်းနဲ့ နေရပြန်ဦးတော့မယ်။ အဲဒီ ရက်တွေ အတောအတွင်း မှာ တချို့ လူတွေ ဆီက မျက်စောင်းဒဏ်နဲ့ ကန်ကျောက်မှု ဒဏ်ကို ကျွန်တော် မလိုလားစွာ ခံရပြန်ဦးတော့မယ်။ တချို့ လူတွေ ရဲ့ စိတ်မရှည်စွာ နင်းခွကျော်လွှားသွားကြတာကို ကျွန်တော် မခံချိမခံ သာနဲ့ ခံရပြန်ဦးတော့မယ်။ လူစွမ်းပြချင်တဲ့ ကလေးတချို့ ကျွန်တော့် ကို ကျော်လွှားကြတာကို ကျွန်တော် ဟာ ဘာတစ်ခုမှ အကူအညီမပေးနိုင်ဘဲ စိုးရိမ်စွာ ကြည့်နေရပြန်ဦးတော့မယ်။

ဘုန်းတော် ကြီးနဲ့ အလျှဉ်းသင့်တဲ့ လူတချို့ က ကော်ပီကူးထားတဲ့ သော့ တွေ နဲ့ ဣန္ဒြေမပျက် ကျွန်တော့် ကို ဝင်ထွက်ဖြတ်သန်းကြပြန်ဦးမယ်။ ဖြံစောင့်ကြီးကို လိုက်ရှာရ၊ မတွေ့လို့ ကျော်တတ်ဖို့ ဘုန်းတော် ကြီး အလစ်ကို ချောင်းမြောင်းရ၊ အလစ်မှာ ရေး ကြီးသုတ်ပြာကျော်တက်မိလို့ အကျနာပြီး ခြေထောက်ကျောက်ပတ်တီးကိုင်ရနဲ့ နိစ္စဓူဝဗျာများ နေကြရတဲ့ သော့ မရှိတဲ့ လူတွေ ရဲ့ ဒုက္ခအစုံစုံကို စိတ်မသက်သာစဖွယ် မြင်ရပြန်ဦးတော့မယ်။

"ဟိုအိမ်မှာ သော့ ရှိတယ်။ ဒီအိမ်မှာ သော့ ရှိတယ်။ ငါတို့အိမ်မှာ သော့ မရှိဘူး" ဆိုတဲ့ ညည်းညူသံတွေ ၊ "ဒီဝင်းထဲမှာ နေတဲ့သူမှန်သမျှ တစ်အိမ်ကို သော့ တစ်ချောင်းစီ ပေးထားဖို့ သင့်တယ်" ဆိုတဲ့ တောင်းဆိုသံတွေ ၊ "သော့ ကို ဖြံစောင့်ဆီမှာ တစ်ချောင်း၊ ငါ့အိမ်မှာ တစ်ချောင်းပဲ ထားတယ်၊ အဝင်အထွက်လုပ်ချင်ရင် လာယူကြ၊ ငါ ဘယ်အိမ်မှ သော မပေးထားဘူး" ဆိုတဲ့ ဘုန်းတော် ကြီးရဲ့ ငြင်းဆိုသံတွေ ၊ ဒီအသံတွေ ကို ဒီနေရာက တစ်လက်မမှ မရွေ့လျားရပါဘဲနဲ့ ဖြတ်သွားဖြတ်လာလူတွေ ဆီက တစ်ဆင့် ကျွန်တော် ကြားရပြန်ဦးတော့မယ်။ ဘုန်းတော် ကြီးရဲ့ စကားက အမှန်လား။ လူတွေ ရဲ့ အထင်အမြင်ကပဲ အမှန်လား။ ဒါကိုတော့ ကျွန်တော် မပြောနိုင်ပါဘူး။ ကျွန်တော် က တံခါးတစ်ချပ်သာ မဟုတ်လား။ ဘုရားသခင်ဆိုတာ ကတော့ အရာခပ်သိမ်းကို ကောင်းကောင်းသိမြင် နိုင်လိမ့်မယ်လို့ ကျွန်တော် ယုံကြည်ပါတယ်။

ဖြစ်နိုင်ရင်တော့ ဒီအသံတွေ ကို ထာဝရတိုးတိတ်သွားစေချင်မိတယ်။ တစ်ပတ်မှာ တနင်္ဂနွေတစ်ရက်တော့ ဒီအသံတွေ တိတ်နေကြတာ အသေအချာပါပဲ။ ဘာလို့ဆို ဟင်းလင်းပွင့်နေတဲ့ တံခါးချပ်တွေ ကို သူတို့အားလုံး အေးအေးလူလူနဲ့ ဖြတ်သန်းခွင့်ရ နေကြတာကိုး။

ဒါပေမဲ့ ဒီတိတ်ဆိတ်မှု ဟာ ကျွန်တော် မျှော်လင့်သလို ထာဝရတော့ မဟုတ်ဘူး။ အခိုက်အတန့်မျှသာ ဖြစ်ပါတယ်။ တနင်္ဂနွေကုန်ဆုံးတာနဲ့ တစ်ပြိုင်နက် ဒီအသံတွေ ထွက်ပေါ်လာကြတာချည်းပါပဲ။ ဒါကို ကျွန်တော့် အနေနဲ့တော့ ဘယ်လိုမှ မတတ်နိုင်ဘူး။ ရင်နစ် ခြမ်းတင်းတင်းစေ့ပြီး နားထောင်နေလိုက်ရုံပါပဲ။ ကျွန်တော် ဟာ တံခါးတစ်ချပ်သာ ဖြစ်ပါတယ်။

လူတွေ ကတော့ ကျွန်တော် ဟာ ပွင့်နေသည် ဖြစ်စေ၊ ပိတ်နေသည် ဖြစ်စေ သူတို့လိုရာခရီးရောက်အောင် နည်းမျိုး စုံနဲ့ ကျွန်တော့်ကို ဖြတ်သန်းကြမှာ ပဲ ဖြစ်တယ်။

Idea-၂၀၀၂- အောက်တိုဘာ

*



## နွေရာသီက. . . ဒီအခန်းမှာ

နွေညခင်းတစ်ခုသည် တိတ်ဆိတ်စွာ ပူလောင်ပြင်းပြလျက်။ ခန်းတစ်ခုထဲမှာ တော့ သူမ တစ်ယောက် တည်း။ ပူလောင်ပြင်းပြစွာ တိတ်ဆိတ်စွာ ငြိမ်သက်လျက်ရှိသည်မှာ နွေညခင်းကြောင့် တော့ မဟုတ်ခဲ့။ တစ်ယောက် တည်း ဖြစ်ခြင်း၊ အထီးကျန်ဆန်ခြင်းက သူမအား အဆမတန် ပူလောင်ပြင်းပြစေသည်။ ပူလောင်ပြင်းပြသော ရင်အစုံကို ခက်ခဲလေးလံစွာ ပွေ့ပိုက်လျက် တိတ်ဆိတ်ငြိမ်သက်စွာ လဲလျောင်းနေသော်လည်း သူမ အိပ်ပျော်ခြင်းမရှိသေးပါ။ သူမ၏ နှလုံးခုန်သံသည် ရင်ဘတ်ထဲမှာ မရှိ။ အခန်းရှေ့ မြက်ခင်းပေါ်မှာ နှလုံးခုန်သံတချို့ ကို အတိုင်းသား ကြားနေ ရသည်။

နှလုံးသားက သူမ၏ ရင်ဘတ်ထဲမှာ အလိုအလျောက် လှုပ်ရှားကခုန်နေရာက ရုတ်တရက် ခန္ဓာကိုယ်ထဲမှ ခုန်ထွက်သွားခဲ့ပြီး မြက်ခင်းပေါ်မှာ လူးလိမ့်၍ ဆက်လက်ကခုန်နေသည်ကို တိုးလျှိုပေါက်မြင်တွေ့နေရသည်။ သူမ အမှန်ပင် လန့်ဖျပ်သွား၏ ။ ဒါဟာ ဘာလဲ၊ မြက်ခင်းပေါ်မှာ နှလုံးသားတစ်ခုဟာ ကခုန်လို့ ရနိုင်ပါသလား။ အားတင်း ၍ စူးစိုက်ကြည့်လိုက်သည်။ ဘာမှမရှိ။ မြက်ခင်းသည် ပကတိဟင်းလင်းပြင်။ အခိုက်အတန့်အားဖြင့် တော့ သူမ စိတ်အေးသွားသည်။ သို့ သော် အော်ဟစ်မြည် ကြွေးနေသော နှလုံးသားတစ်စုံ၏ အသံဗလံတို့သည် သူမနားထဲတွင် ပဲ့တင်ထပ်နေပါသည်။ အခန်း။ သည်အခန်းထဲမှာ သူမ တစ်ယောက် တည်းသာ။

အခန်းထဲမှာ သူမမှတစ်ပါး အခြားမည် သူမျှမရှိ။ လေအေးစက်မရှိ။ ပန်ကာ မရှိ။ ယပ်တောင်တစ်ချောင်းတော့ ရှိတန်ကောင်းရဲ့ ဟု ထင်သူများ ကို သူမ အားတုံ့အားနာ ဖြစ်ရပါသည်။ ပူလောင်ပြင်းပြသော အခန်းကို သက်သာရာ ရစေခြင်းငှာ ယပ်တောင်တစ်ချောင်း အမှန်ပင် သူမမှာ မရှိပါ။ ပူလောင်စပ်ပါစေ။ ဒီအခန်းထဲမှာ

နေသာတကျ ဖြစ်လိုသော ဆန္ဒသာ ရှိသည်။

သူမ၏ အခန်းထဲမှာ သူမ မနှစ် မြို့က်သော အရာများ လုံးဝမထားပါ။ သူမ အခန်းတွင် း ရှိရှိသမျှ အရာအား လုံးတို့သည် သူမ အကြိုက်များ ပဲ ဖြစ်သည်။ သို့ သော် အစီအစဉ်တကျတော့ မရှိ။ အရာခပ်သိမ်းတို့သည် ဖရိုဖရဲ။ အခန်းထဲမှာ ကက်ဆက်တစ်လုံးရှိသည်။ သူမ. . .မရသေးသော သီချင်းသံစဉ် အသစ်များ ကို ဖွင့်၍ နားထောင်၊ လို၍ ဆိုကျင့်ရန် ဖြစ်သည်။ သီချင်းစာသားသံစဉ် သူမ အလွယ်တကူ ဆိုနိုင်သွားလျှင် အခိုက်အတန့်အားဖြင့် ထိုကက်ဆက် မလိုတော့ပါ။ နောက်. . .ဂစ်တာတစ်လုံးရှိသည်။ ကက်ဆက်ထဲမှတစ်ဆင့် အရယူလိုက်သော သီချင်းများ ကို သူမကိုယ်တိုင် ဂစ်တာတီး၍ နေ့စဉ်ဆိုညည်းရန် ဖြစ်သည်။ ကက်ဆက်ထဲမ သီချင်းထက်ပို၍ လှပဆန်းကြယ်သော သံစဉ်များ သူမ နှုတ်ဖျားမှ လွင့်စဉ်ထွက်ကျလာ တတ်သည်။ လရောင် မှတစ်ပါး ကောက်ယူ နားဆင်မည့် သူ မရှိပါ။ အသက်မဲ့သီချင်းများ ကို သီဆိုနေခြင်းသာ ဖြစ်ကြောင်း သဘောပေါက်သည့်အခါ နောက်ထပ်တစ်ခါ ဆိုညည်းနေမိဆဲ။ တစ်ခါတစ်ရံတော့ သူမ၏ ဂစ်တာကို တင်းကျပ်စွာ ပွေ့ဖက်လျက် ငိုင်တွေ နေမိတတ်ပါသည်။ ထိုအခါ သီချင်းမရှိသော ဂစ်တာသည် သူမ၏ ရင်ခွင်ထဲမှာ တိတ်ဆိတ်အေးစက်စွာ မှေးအိပ်နေတတ်သည်။

သူမ၏ အခန်းထဲတွင် ဘီဒိုမရှိ၊ သေတ္တာမရှိပါ၊ ကြယ်သီမပါ၊ ဇစ်ပ်မပါ တီရှပ်ပွပွကြီးများ သည် သူမ၏ ဖြုံထည်များ ဖြစ်ပြီး လုံးခြုံခိုက်ခံသည်။ သူတို့သည် သူမကို ဒိုင်းလွှားသဖွယ် အကာအကွယ်ပေးနေပါသည်။ အခန်းထောင့် တစ်နေရာတွင် ကိုယ်လုံးပေါ် မှန်တစ်ချပ်ရှိသော်လည်း သူမ နေ့စဉ်မကြည့် ဖြစ်ပါ။ သူမကိုယ်သူမ အမှန်အတိုင်း ရှုမြင်သုံးသပ်ရန် သူမ လက်တွန့်နေပါသည်။ သူမ၏ ခန္ဓာအနှံ့ ဦးခေါင်းမှ ခြေဖျားသို့ တိုင် လွဲနေသော အရာများ ၊ မှာ းယွင်းသော အရာများ တနင့်တပိုးကြီးရှိနေသည်ကို လက်ခံမြင်တွေ့နိုင်စွမ်း သူမမှာ မရှိသေးပါ။ မှန်သည် မှန်ဟုသာ အမည် တွင် နေသော်လည်း တကယ်တော့ အမှန်တရားချည်း သက်သက်ကိန်းဝတ်နေတတ် ကြောင်းကို သူမ သဘောပေါက်ခဲ့သည်မှာ မကြာလှသေးပါ။

ဘာပဲ ဖြစ် ဖြစ် သူမနှင့် စာလျှင်တော့ မှန်တွင် အမှန်တရားတစ်ခုထဲကများ စွာ ရှိလိမ့်မည် ကို ဟုတ်တိပတ်တိ မကြည့်ရဲခဲ့ပါ။ အခန်းထဲမှာ သူမ၏ မတိုသော ၊ မရှည်သော ဆံပင်များ ကို ဖီးသင်ရန် ဘီးတစ်ချောင်းတော့ ရှိနေပါသည်။ တခြားမိန်းကလေးများ ကဲ့သို့ အလှပြင်ပစ္စည်းများ မရှိပါ။ မိန်းမတို့ဘုန်း ဆံထုံးဟုဆိုစမှတ်ပြုကြသော မြန်မာအမျိုး သမီးတစ်ဦး ဖြစ်သော်လည်း သူမ ဘယ်တုန်းကမှဆံပင်ရှည်ရှည် မထား ဖြစ်ခဲ့ပါ။ ခပ်နည်းနည်း သာ ရှိသော သူမ၏ ဆံပင်များ ကိုဖီးသင်ရန် သူမ အမြဲစိတ်မရှည် ဖြစ်ရပါသည်။

အထူးသဖြင့် အခုလို အရာရာပူပြင်းခြောက်သွေ့လျက်ရှိသော နွေရက်များ မှာ ဆံပင်တို့ကို ရှု့မြင်ရသည်မှာ ပို၍ ပူလောင် အိုပ်စပ်လှပါသည်။ ဆံပင်များ ကြောင့် ဦးခေါင်းသည် လေးလေးလာပြီး စိတ်များ က ရှုပ်ရှုပ်လာ ရပါသည်။ သူမ၏ ဦးခေါင်းထက်က ဆံပင်များ ကို သူမ မချစ်ပါ။ ဆံပင်ရှည်ရှည်များ ကို တခြားမိန်ကလေးများ ၏ ဦးခေါင်းထက် မြင်တွေ ရလျှင်တော့ ချစ်ချင်စရာဟု သူမ ထင်မြင်မိပါသည်။ ဆံပင်များ ကို မုန်းတီးစိတ်ဖြင့် ခေါင်းတုံး တုံးရန် သူမအခါခါ စိတ်ကူးမိပါသေးသည်။ အခန်းထဲတွင် မှန်တစ်ချပ်သာ ရှိမနေခဲ့လျှင် ထိုဆံပင်များ ကို ရိတ်သိမ်း ရှင်းလင်းပစ်ပြီး ဆယ့်နှစ် ရာသီ ဗလာခေါင်းတုံးဖြင့် သာ နေမိချေမည် ။ ဆံပင်များ သာ မရှိပါက အင်မတန် ရုပ်ဆိုးမည် ဖြစ်သော သူမ၏ ပြားချပ်ချပ်နောက်စေ့ကို လူမြင်မခံရဲသော ကြောင့် ကြည့်ကောင်းရုံ ဆံပင်များ ထားပေးနေရခြင်း ဖြစ်ပါသည်။ သူများ ဦးခေါင်းထက်က ဆံပင်ရှည်ရှည်များ ကို သဘောကျသော်လည်း ထိုဆံပင်များ ကို ကလစ်၊ ဖဲပြား၊ ခေါင်းစည်းကြိုး တို့ဖြင့် ချည်နှောင်၍ အလှဆင်တတ်သော မိန်းကလေးများ ကို သူမ သဘောမကျပါ။ တိုသည် ဖြစ်စေ၊ ရှည်သည် ဖြစ်စေ၊ ပူသည် ဖြစ်စေ၊ အေးသည် ဖြစ်စေ ဆံပင်ကို ဦးခေါင်းခွံအရေပြားထက်ကနေ လွတ်လပ်စွာ ဖြာဆင်းဝဲကျနေမည့် အရာများ ဟု သူမ ခံယူထားပါသည်။

သေချာသည်က ဆံပင်ရှည်ရှည်ထားရန် ဘီးတစ်ချောင်းမလို။ အကောင်းစား ရှန်ပူ၊ အကောင်းစား ဆံပင်ပျော့ဆေးများ မလိုပါ။ ဆံပင်ရှည်ရှည်ထားရန် အဓိက အလိုအပ်ဆုံးအရာမှာ စိတ်ရှည်ရှည်တစ်ခုသာ ဖြစ်ပါ သည်။ သို့သော်

ဆံပင်ရှည်ရှည်ထားတတ်သည့် ယောက်ျားများ စိတ်ရှည်တတ်လိမ့်မည် ဟု သူမ မဆိုလိုပါ။

သူမ၏ အခန်းသို့ အလည်လာရန် မည် သည့် သူငယ်ချင်းမျှ စိတ်မဝင်စားပါ။ သူမ ကတော့ သူတို့ကို ကြိုဆိုဖိတ်ခေါ်ချင်စိတ် ရှိပါသည်။ သို့ သော် သူငယ်ချင်းမများ သယ်ဆောင်လာမည့် အတင်းအဖျင်းစကားလုံး များ နှင့် မြည် းရန် လက်ဖက်သုတ်ကောင်းကောင်း တစ်ပန်းကန် သူမ သုပ်မကျွေးတတ်ပါ။ ဖန်ခါးခါး လက်ဖက်ရည် ကောင်းကောင်းတစ်ခွက်တော့ သူမကိုယ်တိုင် ကြိုက်သော ကြောင့် သူမ ကောင်းကောင်းဖျော်တတ်ပါသည်။ သို့ သော် လက်ဖက်ရည်တစ်ခွက် သောက်ချင်ရုံမျှနှင့် သူမ၏ အခန်းသို့ အလည်လာရန် သူငယ်ချင်းများ စိတ်ဝင်စားမည် မထင်ပါ။

အခန်း၏ နံရံထက် တစ်နေရာမှာ ဝိုင်းစက်စက် နာရီတစ်လုံးရှိသည်။ နာရီတစ်လုံး ချိတ်ဆွဲထားရခြင်းမှာ သူမအနေနှင့် အချိန်တစ်ခုကို သိရန် မဟုတ်ပါ။ နေ၏ အလင်းရောင် ကို ထိတွေ့ခံစားနေရချိန်သည် နေ့အချိန် ဖြစ်ပြီး အလင်းရောင် ကုန်ဆုံး၍ ဝန်းကျင်တစ်ခုလုံး မှော င်မိုက်သွားချိန်သည် ညအချိန် ဖြစ်သည်။ နေ့နှင့် ည ကွဲပြားခြားနား ရုံသာ သိထားခြင်းသည် သူမအတွက် အင်မတန် လုံလောက်ပြည့်စုံနေပြီ ဖြစ်၏ ။ နာရီသည် သူ့သခင်မ သူမကို မစောင့်၊ မည် သူ့ကိုမှ မစောင့်၊ ပူလောင်ခြင်းကို မညည်းတွား၊ အေးမြခြင်းကို မခံစား၊ ချစ်ခြင်းမုန်းခြင်း မလျှဉ်းမရှိ၊ ပကတိအဖော်မလိုဘဲ ခပ်မှန်မှန် မော့ကြည့်လိုသော ကြောင့် ဂုဏ်ယူဝင့်ကြွားစွာ ချိတ်ဆွဲထားဖြင်း ဖြစ်သည်။ နာရီမျက်နှာပြင်တစ်ခုလုံးတွင် သူမ အားအကျဆုံးမှာ တစ်တောက်တောက် မှန်မှန်အော်ရင်း တစ်ကိုယ်တည်း ပြေးလွှားနေသော စက္ကန့်လက်တံကလေး ပဲ ဖြစ်သည်။ ပျင်းရိလေးဖင့်စွာ ရွေ့လျားနေသော နာရီမိနစ်လက်တံတို့ကို သူမကြည့်မရ၊ ကြည့်ရန်လည်း မလိုပါ။ နေ့နှင့် ည မှန်မှန်ကူးပြောင်းနေသရွေ့ သူမအတွက် အချိန်ကြည့်ရန် မလိုပါ။

သူမ၏ အခန်းနံရံတွင် အလှအပ ဓာတ်ပုံများ ၊ မင်းသား၊ မင်းသမီးရုပ်ပုံပါသည့် ပြက္ခဒိန်များ ဘာဆိုဘာမျှ မရှိပါ။ သူမ၏ ဓာတ်ပုံတစ်ပုံသော် လည်းကောင်း၊ ချိတ်ဆွဲထားခြင်း မရှိပါ။ သူမသည် ဓာတုဗေဒဘွဲ့တစ်ခုကို လွန်ခဲ့သော ၅နှစ် က အသေချာ ရယူပိုင်ခဲ့ကြောင်း ယုံကြည်လက်ခံ သူတစ်ဦးမျှ မရှိခြင်းမှာ သူမ၏ အခန်းနံရံတွင် သူမ၏

ဘဲ့ရဓာတ်ပုံတစ်ပုံတလေမျှ ချိတ်ဆွဲထားခြင်း မရှိသော ကြောင့် ဖြစ်လိမ့်မည် ။ သူမအတွက် လူအများ ယုံကြည်ခံရခြင်း၊ မခံရခြင်းသည် အရေးမကြီးပါ။ သူမ အဖေ၊ အမေ ဓာတ်ပုံတစ်ပုံမျှ မရှိခြင်းက အနည်းငယ်ရုပ်ဆိုးသည်ဟု ထင်စရာ ရှိသော်လည်း အဖေ၊ အမေသည် သူမ၏ နှလုံးသားနံရံတွင် အမြဲရှိသည်။

အမှန်ကိုဆိုလျှင် သူမ၏ အခန်းနံရံသည် သူမ၏ စိတ်အမှတ်အသားများ ပဲ ဖြစ်သည်။ နံရံတွင် သူမမှတစ်ပါး အခြားမည် သူမျှမမြင်နိုင်သော ရုပ်ပုံပေါင်းများ စွာ ချိတ်ဆွဲထား၏ ။ သူမ၏ စိတ်ကို အနာတရ ဖြစ်စေခဲ့သော လူများ ၏ ရုပ်ပုံလွှာကို စိတ်ဖြင့် မှတ်သားကာ နံရံတွင် ကပ်ထားသည်။ မည် သည့်နေရာတွင် မည် သူ၏ ရုပ်ပုံရှိသည်ကို သူမစိတ်က အလွတ်မှတ်မိ နေသည်။ တစ်ခါတစ်ရံ ထိုဓာတ်ပုံများ ကို စေ့စေ့ကြည့်ကာ သူမ စကားပြောနေ တတ်သည်။ သို့ သော် အသံမထွက်ပါ။ စိတ်ဖြင့် မှတ်သားထားသော် ရုပ်ပုံများ ကို စိတ်ဖြင့် စကားပြောနေခြင်းသာ ဖြစ်သည်။ ထိုအချိန်များ တွင် သူမ၏ အခန်းသည် နွေရာသီ၏ ပူလောင်ခြင်းနှင့် ထပ်တူထပ်မျှ ရှိနေတတ်သည်။ မည် သို့ ဆိုစေ၊ သူမ ကတော့ ထိုကိစ္စရပ်များ ကို လုပ်မြဲ လုပ်နေပါဦးမည် ။

သူမအနေနှင့် လွတ်မြောက်စွာ ရှင်သန်နေသည်ဟု ယုံကြည်သည်။ အခန်း၏ ပြတင်းပေါက်များ မှာ လိုက်ကာ ခန်းဆီးများ မရှိပါ။ ပြင်ပရှုမျှော်ခင်းများ ကို တိုးလျှိုပေါက် မြင်တွေ့ခံလိုသည့်အတွက် ပြတင်းပေါက်တံခါးများ ကို ဘယ်တော့မှ သူမပိတ်၍ မထားပါ။ ပြတင်းတံခါးမှ တစ်ဆင့်ဝင်လာသော လေညင်းအေးမြကို သူမ ကြိုဆိုဖိတ်ခေါ်ချင်သည်။ သယ်ဆောင်ချင်သည့် အရာများ ကို သယ်ဆောင်၍ လာပါ။ သူမကဲ့သို့ ယုံကြည် ချက်ချင်း ကိုက်ညီသူများ ကို ဖိတ်ခေါ်လိုသော်လည်း သူမ အခန်းသို့ မည် သူမျှမလာပါ။

သူမ၏ အခန်းတွင် ဖိနပ်ချွတ်ပါ။ စကားတိုးတိုးပြောပါ။ သင်ကောင်းလျှင် ကျွန်ုပ်မဆိုးပါ စသည့် သတိပေးစာ တန်းများ မရှိပါ။ ဖိနပ်ချွတ်ပါ စာတန်းသည် တစ်ခါတစ်ရံ ဖိနပ်ချွတ်ရမည် ကို မသိသော နိုင်ငံရပ်ခြားဧည့်သည်များ အတွက် ဘုရားစောင်းတန်းနေရာများ မှာ သာ ထားသင့်သော စာတန်း ဖြစ်၏ ။ သူမ၏ အခန်းသည် ကျဉ်းမြောင်း၍ ရှုပ်ထွေးနေမည် ဖြစ်သော်လည်း အကယ်စင်စစ် အိမ်တစ်လုံး ဖြစ်သည်။

အိမ်တစ်လုံးသို့ ရောက်လျှင် မည် သည့်နေရာမှာ ဖိနပ်ချွတ်ရမည် ကို လူတိုင်းသိပြီး ဖြစ်လိမ့်မည် ။ သဘာဝ ကို လှည့် စား၍ ဟိုတယ်တမျှကြီးကျယ် ခမ်းနားသော အခန်းထဲသို့ ဖိနပ်စီးဝင်နိုင်သော အိမ်များ ကို မဆိုလိုပါ။ သူမ၏ အခန်းသည် သာ မှန်အိမ်တစ်လုံးပင် ဖြစ်ပါသည်။

တိုးညင်းသော စကားသံများ သည် ပို၍ အန္တရယ်ပြုနိုင်ကြောင်း ယုံကြည်ခဲ့ဖူးသည့် နေ့က စပြီး စကားကို ကျယ်ကျယ်ပြောဆိုတတ်ရန် သူမ လေ့ကျင့်လျက်ရှိပါသည်။ သို့သော် ခုချိန်ထိ စကားပြောရန် ယုံကြည်ကိုးစား သော အဖော်သူမမှာ မရှိပါ။ ဘယ်တော့မှ မပြောရသေးသော စကားလုံးများ သူမ၏ အခန်းထဲမှာ ကျစ်စွာ အုပ်မိုးစောင့်ကြည့်နေသည်။ တချို့ အခန်းနံရံအတွင်း း ပုန်းအောင်းခိုဝင်လျက် အလစ်ချောင်းနေကြပြန်သည်။ တချို့က အခန်းပြတင်းမှတဆင့် လွတ်လပ်စွာ ခုန်ထွက်ရန် ကြိုး စားနေကြသည်။ တချို့တော့ အခန်းကြမ်းပြင်မှာ ခေါင်းအုံးမရှိပါ။ ကြမ်းပြင်ထက်က စကားလုံးတချို့ သည် ကျောခင်းအိပ်လာမည့် သူမခန္ဓာကိုယ်ကို ငံ့လင့်နေ ကြသည်။ ခေါင်းမာသော်လည်း ရိုးဖြောင့်သော စကားလုံးများ ကို ကျောခင်းကာ သူမ အိပ်ပါဦးမည် ။

နံရံအောက်ခြေမှာ လဲကျနေသော ပန်းချီကားတစ်ချပ်ရှိသည်။ ထိုကားချပ်ကို သူမ ခေါင်းအုံးလေ့ရှိသည်။ ဇောက်ထိုးတွဲ ခိုနေသော် စကားလုံးများ လက်အံသေ၍ ပြု တ်ကျလာချိန်ကို နာရီမျက်နှာပြင်ပေါ်က စက္ကန့်လက်တံ၏ လမ်းလျှောက် နှုန်းနှင့် အတူ သူမ စောင့်ကြည့်နေ တတ်ပါသည်။ ပန်းချီကားသည် သူမ၏ လက်ရာ ဖြစ်ကြောင်း သံသယ ဖြစ်ရန်မလိုပါ။ စုတ်ချက်တချို့ သည် ညံ့ဖျင်းလှကြောင်း ကြည့်ရုံနှင့် သိသာစေသည်။ ပန်းချီကားထဲမှာ ငှက်တစ်ကောင်ရှိသည်။ ငှက်သည် လေထဲမှာ ပျံသန်း၍ မနေဘဲ မြေပြင်မှာ လမ်းလျှောက်နေ သည်။ အတောင်ပံများ ရိုက်ချိုး ခံရ၍ လား၊ အတောင်ပံများ ရှိလျက်နှင့် မိမိ၏ အတောင်ပံများ ကို အသုံးမချတတ်၍ ပဲလား သူမ မသေချာပါ။ ထူးခြားသည်က လမ်းလျှောက်နေသော ငှက်သည် ဖိနပ်တစ်ရံကို လူကဲ့သို့ သေသပ်ကျနစွာ စီးနင်းထားသည်။

သူကိုယ်တိုင်ရေး ဆွဲသော ထိုပန်းချီကားတွင် လျှို့ဝှက်ချက်ကို ဖော်ထုပ်ချင်သူသည် တန်ဖိုးကြီးစွာ ပေး၍ သူမထံမှ လာရောက်ဝယ်ယူလိမ့်မည် ဖြစ်ကြောင်း

မျှော်လင့်ယုံကြည်ကာ သူမစောင့်နေပါသည်။ သို့သော် ထိုကားချပ်ကို သူမ ကိုယ်တိုင်ပင် ဝယ်ယူနိုင်ခြင်း မရှိသေးပါ။ ပန်းချီကားသည် သူမ၏ လက်ရာစစ်စစ် ဖြစ်သော် လည်း သူမ ပိုင်ဆိုင်ခြင်း မရှိပါ။ တစ်စုံတစ်ရာကို လက်ဝယ်ပိုင်ဆိုင်နိုင်ရန် စုဆောင်း သိမ်းရမည့် အရာမှာ အသပြာ ပိုက်ဆံ ငွေကြေး မဟုတ်ပါ။ လူတို့သည် ထိုအရာတို့ကိုသာ ပင်ပန်းဆင်းရဲကြီးစွာ ရှာဖွေစုဆောင်းလျက် ရှိသည်။ အမှန် စင်စစ် လိုအပ်သော အရာကိုမူကား မေ့လျော့တတ်ကြသည်။ သူမအပါအဝင် မည် သူမျှ ထိုပန်းချီကားကို ဝယ် ယူနိုင်လိမ့်မည် မဟုတ်ပါ။

ပန်းချီကား မဝယ်ယူနိုင်သော်လည်း စိတ်ဝင်တကား ကြည့်ရှုချင်ရုံမျှနှင့် ပင် ထိုသူသည် သူမ၏ ရှားရှားပါးပါး မိတ်ဆွေတစ်ဦး ဖြစ်နိုင်သည်။ သို့သော် ခုချိန်ထိ သူမမှာ မိတ်ဆွေမရှိပါ။ မည် သို့ဖြစ်စေ သူမ၏ အခန်းကို အလည် လာရောက်ချင်သူ၊ သူမ၏ စကားလုံးတိုင်းကို ခွဲခြားနားထောင်နိုင်သူ၊ သူမ၏ ပန်းချီကားကို ဝယ်သူ (သို့မဟုတ်) စိတ်ဝင်စားမည့် သူ တစ်စုံ တစ်ယောက် ကို သူမ စောင့်မျှော်နေချင်ပါသေးသည်။

နွေညခင်းများ သည် လေပြည်လေညင်းအားကိုးနှင့် အေးမြချင်ယောင်ဆောင်နေကြသည်။ သူမ၏ အခန်းထဲ မှ သူမ တစ်ယောက် တည်း။ နေရာတကျမရှိသေးသော စကားလုံးများ နှင့် အတူ ပန်းချီကားတစ်ချပ်သည်။ ယနေ့တိုင် ပိုင်ရှင်မဲ့လျက်။

နဝဒေး၊ ၂၀၀၃-မေ

*